ခန္တီစ တော မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၁၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၅၁)

ခေတ်မီနိုင်ငံတော်သစ်တည်ဆောက်ရေး အခြေခံလိုအပ်ချက်များ

ခေတ်မီနိုင်ငံတော်သစ်တည်ဆောက်ရေးတွင် နိုင်ငံတော်တည်ငြိမ်ရေး၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ရေးတို့သည် အခြေခံလိုအပ်ချက်များ ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

သြဝါဒစကားမြွက်ကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ သြဝါဒစကား မြွက်ကြားစဉ်။

(ဝဲပုံနှင့် အောက်ဆုံးပုံ)(သတင်းစဉ်)

အဓိကစီးပွားရေးဖြစ်သည့်လယ်ယာစိုက်ပျိုးရေးအတွက်အခြေခံအဆောက်အအုံများပုံအောတည်ဆောက်လျက်ရှိ ခေတ်မီနိုင်ငံတော်သစ်အတွက် အခြေခံအဆောက်အအုံတောင့်တင်းခိုင်မာမှုအမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မည် နိုင်ငံရေးတည်ငြိမ်ငြိမ်းချမ်းမှုမှသည်ပြည်သူများ၏အခြေခံလိုအပ်ချက်အထိပြည်တွင်းအားဖြင့်တည်ဆောက်နေ အတိတ်ကခါးသီးပွယ်ရာဒုက္ခအပေါင်းမှပြည်သူများလွတ်ကင်းအောင်နိုင်ငံတော်သစ်ကိုပြည်သူနှင့်လက်တွဲတည်ဆောက်

တည်ဆောက်နေသည့်မူဝါဒလမ်းစဉ်များကို အမျိုးသားရေးအပေါ်သစ္စာရှိမှုတို့ဖြင့်အောင်မြင်သည်အထိဆောင်ရွက်

ရန်ကုန်   ဇွန်   ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သြဝါဒစကား မြွက်ကြားသည်။

ကျောဖုံးသို့

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကျေးလက်အထိဖြန့်ကြက်၍ တိုးချဲ့ဆောင်ရွက်

နိုင်ငံတော်က ချမှတ်ထားသည့် လူမှုရေးဦးတည်ချက် လေးရပ်တွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် ဦးတည်ချက်တစ်ရပ်ကို ထည့်သွင်းအကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝလွှမ်းခြုံပေးနိုင်ရေးတွင် နိုင်ငံတော်၏ လူဦးရေပျံ့နှံ့နေထိုင်မှု၊ ပူပြင်းခြောက်သွေ့သောဒေသ၊ အအေးလွန်ကဲသောဒေသ၊ မိုးများသောဒေသ စသည်ဖြင့် နေရာဒေသ သဘာဝပတ်ဝန်းကျင်မတူညီကွဲပြားမှု၊ ရာသီဥတုပြောင်းလဲမှုတို့နှင့် လိုက်လျောညီထွေစွာ ကျန်းမာရေးစောင့်ရှောက်မှုအမျိုးမျိုးကို လိုအပ်ချက်များနှင့်အညီ အထူးပြု ဆောင်ရွက်ပေးသွားရန် လိုအပ်သည်။

သို့ဖြစ်၍ တစ်နိုင်ငံလုံးလွှမ်းခြုံလျက် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရန်နှင့် လိုအပ်ချက်များနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးတိုးမြှင့်ပေးနိုင်ရေးတို့အတွက် စီမံဆောင်ရွက်ပေးရမည့် လုပ်ငန်းပမာဏမှာ များစွာ ကြီးမားကျယ်ပြန့်သည့်အပြင် လွန်စွာနက်နဲသိမ်မွေ့သည်ကို တွေ့နိုင်သည်။

ထို့မျှမက ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအပြင် အာဆီယံ မိသားစုဝင်နိုင်ငံများအချင်းချင်း ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ၊ အခြားသော မိတ်ဆွေနိုင်ငံများနှင့် နှစ်နိုင်ငံချင်း ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်လည်း ရှိသည်။

ဇွန်လ ၆ ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်း ကျန်းမာရေးဝန်ကြီးဌာနအဆောက်အအုံရှိ အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသော အမျိုးသားကျန်းမာရေးကော်မတီ အကြိမ်(၄၀)မြောက် အစည်းအဝေးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌–

“ယင်းသို့သော အခြေအနေအချိန်အခါတွင် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်ပေးမှုလုပ်ငန်းများမှာ တဖြည်းဖြည်း ပိုမိုပြီး ကြီးမားကျယ်ပြန့် သိမ်မွေ့နက်ရှိုင်းလာနေသည်ကို ကျန်းမာရေးကဏ္ဍမှ တာဝန်ရှိသူများအားလုံးက နားလည်သဘောပေါက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုစနစ်ကျနစေရအောင် စနစ်တကျစီမံဆောင်ရွက်ကြရန်၊ ပိုမိုပြီး ဝီရိယစိုက်အားထုတ်ဆောင်ရွက်ကြရန်၊ ပိုမိုပြီး စေတနာထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း”

ပြောကြားသွားသည်။

ယနေ့အချိန်အခါတွင် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်မှု အထိုက်အလျောက်ဖြစ်ထွန်းနေပြီဖြစ်သည့်အတွက် အချို့သောကဏ္ဍများတွင် အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများကို တွေ့မြင်နေရပြီဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် စီမံကိန်းကြီးသုံးခုလုံး၌ ကျန်းမာရေးကဏ္ဍကို အဓိကကျသည့် အပိုင်းကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးသုံးရပ် စနစ်တကျ အောင်မြင်ဖြစ်ထွန်းလာစေရန် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ကျန်းမာရေးလွှမ်းခြုံမှု ပြည့်ပြည့်ဝဝဖြစ်ထွန်းလာမည် ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများ ၁၀၀ ကျော် မှီတင်းနေထိုင်သည့် ပြည်နယ်နှင့် တိုင်းများဖြင့် ဖွဲ့စည်းဖြစ်တည်နေသည့် ပြည်ထောင်စုကြီးဖြစ်ရာ တောင်ပေါ်မြေပြန့်၊ နယ်စပ်အစွန်အဖျားနှင့် အတွင်းပိုင်းဒေသများအားလုံး ဖြန့်ကြက်ကာ ကျန်းမာရေးစောင့်ရှောက်မှု မျှတစွာလွှမ်းခြုံပေးနိုင်သည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းကာ ပြည်ထောင်စုကြီးလည်း အဓွန့်ရှည် တည်တံ့မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်နယ်၊ တိုင်းအလိုက် ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ ကျေးလက်ကျန်းမာရေးဌာနများ တိုးမြှင့်ဖွင့်လှစ်ပေးနေသကဲ့သို့ ဆေးရုံကြီးများကိုလည်း တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်းတို့ကို ဒေသလိုအပ်ချက်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါတွင် မြို့နယ်အများစုမှာ ၁၆ ခုတင်ဆံ့ ဆေးရုံအဖြစ်မှ ၂၅ ခုတင်ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးခဲ့ပြီးဖြစ်သကဲ့သို့ ပြည်နယ်နှင့်တိုင်း ဆေးရုံကြီးများ၊ ဖွံ့ဖြိုးရေးအထူးဒေသများရှိ ဆေးရုံကြီးများအားလုံးသည်လည်း အနည်းဆုံး ခုတင် ၂၀၀ ဆံ့ ဆေးရုံအဆင့် ရပ်တည်နေပြီဖြစ်သည်။

သို့ဖြစ်ရာ မြို့ကြီးပြကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေး မြှင့်တင်ပေးနိုင်မှုနှင့် တပြေးညီ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်ဒေသများအထိ ဖြန့်ကြက်၍ ရပ်ရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ထမ်းများ မိမိတို့တာဝန်ယူသောအပိုင်းကဏ္ဍများ ပီပီပြင်ပြင်သိရှိ လုပ်ငန်းအလိုက်ကျွမ်းကျင်နိုင်နင်းစွာဆောင်ရွက်ရန် ဝန်ကြီးဦးအောင်သောင်း မှာကြား

ရန်ကုန် ဇွန် ၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန လုပ်ငန်းဆိုင်ရာပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၀၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီက အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမဆောင်၌ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။(အပေါ်ပုံ)

ကျွမ်းကျင်နိုင်နင်းစွာဆောင်ရွက်

ရှေးဦးစွာ ဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနသည် ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုတာဝန်နှစ်ရပ်ကို တစ်ပြိုင်တည်း ထမ်းဆောင်နေရကြောင်း၊ သို့ဖြစ်၍ စက်ရုံကဏ္ဍ၊ စီမံအုပ်ချုပ်ရေးကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ ကုန်ကြမ်းရှာဖွေသိုမှီးရေးကဏ္ဍစသည့် ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများသည် မိမိတို့တာဝန်ယူရသော အပိုင်းကဏ္ဍများကို ပီပီပြင်ပြင်သိရှိပြီး လုပ်ငန်းအလိုက် ကျွမ်းကျင်နိုင်နင်းစွာ ဆောင်ရွက်နိုင်ရန် ဤသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်းဖြင့် မှာကြားသည်။

သင်တန်းဆင်းလက်မှတ်ပေးအပ်

ထို့နောက် ဝန်ကြီးသည် သင်တန်း၌ ပထမဆုရ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံမှ အလုပ်ရုံခွဲမှူး ဒေါ်မြတ်မာလာထွန်း၊ ဒုတိယဆုရ မြန်မာ့စားသောက်ကုန်လုပ်ငန်း ပဲငံပြာရည်နှင့်ရှာလကာရည်စက်ရုံမှ ထုတ်ကျွမ်း(၄) ဒေါ်ခင်နန္ဒာဝင်းနှင့် တတိယဆုရရှိကြသော မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း(ရုံးချုပ်)မှ လက်ထောက်မန်နေဂျာ ဒေါ်ခင်မိုးဆွေနှင့် ကြီးကြပ်ရေးမှူး ဒေါ်သင်းအိကြည်တို့အား ဂုဏ်ပြုဆုများပေးအပ်ပြီး သင်တန်းခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၃ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ်ကြာမြင့်ခဲ့သည်။

ဂုဏ်ပြုဆုများပေးအပ်

ဆက်လက်၍ ဝန်ကြီးသည် ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေး (အခြေခံ) သင်တန်းအမှတ်စဉ်(၁၉)၌ ဒုတိယဆု (လူထုဟောပြောမှု)ရရှိသူ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း (ရုံးချုပ်)မှ လက်ထောက်မန်နေဂျာ ဒေါ်ဝင်းဆွေ၊ ရေးဖြေတတိယဆုရ ပုပြင်ထိန်းသိမ်းရေးလုပ်ငန်း စက်ရုံမှဌာနစိတ်မှူး ဒေါ်နန်းမီမီအောင်တို့အား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် စာရင်းစစ်ချုပ်ရုံးမှဖွင့်လှစ်သော တတိယအဆင့် သင်တန်းအမှတ်စဉ်(၇၅)၌ ထူးချွန်စွာအောင်မြင်ခဲ့သော မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း (ရုံးချုပ်)မှ လက်ထောက်မန်နေဂျာ ဒေါ်မီမီကဒိုးအား ဂုဏ်ပြုဆု ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၀–၆–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ၆။ အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
Literature 8 Drama
(အင်္ဂလိပ်စာအထူးပြု–ဒုတိယနှစ်)
၅း၃၅ ၁၀။ တိုင်းကျိုးပြည်ပြုဒို့ရှေးရှု
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ဉာဏ်ကျယ်လေး”** (အပိုင်း–၃၀)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး”**(အပိုင်း–၂၅)

ဇွန် ၄ ရက်က တောင်ဥက္ကလာပမြို့နယ်လုံးဆိုင်ရာ ယဉ်ကျေးမှုသင်တန်းတွင် ထူးချွန်ဆုရ ကျောင်းသူ ကျောင်းသားများအား ဂုဏ်ပြုပွဲအခမ်းအနားကို (၉) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ အလှူရှင် ဦးထင်လင်းနောင်က ထူးချွန်ဆုရသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(၁၉၂)

နိုင်ငံတော်အကြီးအကဲ ပိုလ်ချုပ်မှူးကြီးသန်းရွှေ ပေါ်တူဂီအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၀

၂၀၀၄ ခုနှစ် ဇွန် ၁၀ ရက်၌ ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ မစ္စတာဂျော့ဇ်ဟာနန်ဒိုဘရန်ကိုဒယ် ဆမ်ပိုင်အိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၈ ရက်က မြေပုံမြို့နယ် ကမ်းထောင်းကြီးကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ မြို့နယ်နှင့်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားအားလုံး လူနေမှုအဆင့်အတန်းမြင့်မားရေးကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက ဒေသဖွံ့ဖြိုးရေးတက်ညီလက်ညီပူးပေါင်းဆောင်ရွက် အကျိုးဖြစ်ထွန်းမည့် လယ်ယာကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဝီရိယစိုက်ထုတ်အလုပ်လုပ်ကြ

ရန်ကုန် ဇွန် ၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်ဦး လိုက်ပါလျက် ဇွန် ၈ ရက် နံနက် ၉ နာရီ ၁၀ မိနစ်တွင် စစ်တွေမြို့မှတစ်ဆင့် မြေပုံမြို့နယ် ကမ်းထောင်းကြီးကျေးရွာသို့ ရောက်ရှိကြရာ မြို့နယ်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ ရပ်မိရပ်ဖ များနှင့် ပြည်သူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကမ်းထောင်းကြီး ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ မြို့နယ်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊လူမှုရေး အသင်းအဖွဲ့များ၊ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ထူးက လေပြင်းဒဏ်ကြောင့် ကမ်းထောင်းကြီး တိုက်နယ်၌ အိုးအိမ်ပျက်စီးမှု၊ ကျေးရွာအလိုက် လူသေဆုံးရှုံးမှု၊ ဆန်စပါးပျက်စီးမှု၊ စက်လှေ၊ သင်္ဘောများဆုံးရှုံးမှု၊ ကျွဲနွားသေဆုံးမှု၊ စာသင်ကျောင်းပျက်စီးမှု၊ ဌာနဆိုင်ရာ အဆောက်အအုံ ပျက်စီးမှု၊ ဘာသာရေး အဆောက်အအုံများ ပျက်စီးမှု၊ လယ်ယာနှင့် ပုစွန်ကန်များ ပျက်စီးဆုံးရှုံးမှု အခြေအနေနှင့်ပြည်နယ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လာရောက်၍ ကယ်ဆယ်ရေး ပစ္စည်းများ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့မှုများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၈ ရက်က မြေပုံမြို့ အခြေအနေကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား **ဇွန် ၈ ရက်က ရခိုင်ပြည်နယ် မြေပုံမြို့နယ် ကမ်းထောင်းကြီးကျေးရွာ** အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ လေပြင်းဒဏ်သင့် အိမ်ထောင်စုများအတွက် ဆန်အိတ်များ၊ ကြက်ခြေနီကယ်ဆယ်ရေးပစ္စည်းများ၊ အဝတ်အထည်များ၊ ဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို **မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ** အဖွဲ့ဝင်(၁) ဒုတိယရဲမှူးတင်ထူးနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအား ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သောက်သုံးရေရရှိရေး၊ လမ်းတံတားလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ အခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသည့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့မိမိနှင့်အဖွဲ့သည် မြေပုံမြို့နယ် ကမ်းထောင်းကြီးကျေးရွာ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ထပ်မံဖြည့်ဆည်းပေးရန်နှင့် လေပြင်းဒဏ်ခံခဲ့ကြရသည့် ပြည်သူများအား နှစ်သိမ့်အားပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

တင်ပြချက်များအရ ဌာနဆိုင်ရာ အဆောက်အအုံများ ပျက်စီးမှုကို ဝန်ကြီးဌာနမှ ပြုပြင်သွားမည်ဖြစ်ပြီး ပြုပြင်လျက်လည်းရှိကြောင်း၊ ကျွဲ၊ နွား၊ လှေ၊ စက်လှေအချို့နှင့် နေအိမ်အချို့ ပျက်စီးမှုအတွက် လှူဒါန်းရရှိသော ထောက်ပံ့မှုများကို ခွဲဝေပေးသွားမည်ဖြစ်ကြောင်း။

ယခုမြို့နယ်နှင့် ကျေးရွာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး မြေပုံမြို့နယ် အတွက်သော်လည်းကောင်း၊ ကမ်းထောင်းကြီး ကျေးရွာ

စာမျက်နှာ ၄ ကော်လံ ၁ သို့

10-6 (03).p65 1 03/25/1905, 8:42 PM

စာမျက်နှာ ၃ မှ

အတွက်သော်လည်းကောင်း လတ်တလောလိုအပ်ချက်များနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် လိုအပ်ချက်များကိုဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ယမန်နေ့က စစ်တွေမြို့၌ ရခိုင်ပြည်နယ်လေပြင်းဒဏ်သင့်မြို့နယ်များအတွက် ဒုတိယအကြိမ်အလှူငွေ ပေးအပ်ပွဲတွင် ပြည်နယ်နှင့်တိုင်းများမှ ပေးပို့လှူဒါန်းကြသော အလှူငွေများ



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၈ ရက်က ကမ်းထောင်းကြီးကျေးရွာ မြောက်ဘက်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပညာဇောတ အမှူးပြုသော သံဃာတော်များအား ပူဇော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အပါအဝင် ရန်ကုန်မှလိုက်ပါလာကြသည့် စေတနာရှင်အလှူရှင်များက အလှူငွေကျပ်သိန်းပေါင်း သုံးထောင့်ကိုးရာကျော် လာရောက်လှူဒါန်းခဲ့ကြကြောင်း။

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ ပြည်နယ်နှင့်တိုင်းများကလည်း မိမိတို့ညီအစ်ကိုမောင်နှမ တိုင်းရင်းသားများ လေပြင်းဒဏ်ခံရမှုအပေါ် ဝိုင်းပြီး ပံ့ပိုးကူညီပေးရမည်ဆိုသည့် သဘောထားခံယူချက်ဖြင့် လာရောက်လှူဒါန်းကြခြင်းဖြစ်ကြောင်း၊ ရရှိလာသည့်အလှူငွေများကိုလည်း လေပြင်းဒဏ်ခံခဲ့ကြရသည့် တိုင်းရင်းသားများထံ ဒေသတာဝန်ခံက စနစ်တကျခွဲဝေပံ့ပိုးပေးသွားမှာဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားအချင်းချင်းပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မြဲရေးစိတ်ဓာတ်တို့ဖြင့် ခိုင်ခိုင်မြဲမြဲ အတူလက်တွဲလာခဲ့ကြကြောင်း။

ထိုကဲ့သို့ တိုင်းရင်းသား အချင်းချင်း ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်မှု ဆက်လက်ဖြစ်ထွန်းရေးကို နိုင်ငံတော်က ဦးဆောင်စီမံဆောင်ရွက်ပေးနေကြောင်း။

စေတနာထားပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အနေဖြင့် တောင်ပေါ်၊ မြေပြန့်၊ နယ်စွန်နယ်ဖျားမကျန် တိုးတက်ဖွံ့ဖြိုးရေး၊ တိုင်းရင်းသားအားလုံးလူနေမှုအဆင့်အတန်းမြင့်မားရေးအတွက်စီမံအားထုတ်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ မြို့နယ်နှင့် ကျေးလက်ဒေသများ၌ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းလူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအပိုင်းကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်မှုများ အလျင်အမြန်ရရှိရေးအတွက် စေတနာထားတက်ညီလက်ညီပူးပေါင်းဆောင်ရွက်ရေးမှာကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ကမ်းထောင်းကြီးတိုက်နယ်ရှိ လေပြင်းဒဏ်သင့်အိမ်ထောင်စုများအတွက် ဆန်အိတ်များ၊ ကြက်ခြေနီကယ်ဆယ်ရေးပစ္စည်းများ၊အဝတ်အထည်များ၊ ဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

အဖွဲ့ဝင်(၁) ဒုတိယရဲမှူးတင်ထူးနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကမ်းထောင်းကြီးမြောက်ဘက်ကျောင်းတိုက်သို့ သွားရောက်ကြပြီး ဆရာတော် ဘဒ္ဒန္တပညာဇောတအမှူးပြုသော သံဃာတော်များအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကမ်းထောင်းကြီးတိုက်နယ်ဆေးရုံကိုသွားရောက်ကြည့်ရှုစစ်ဆေးကြရာ တိုက်နယ် ဆရာဝန်ဒေါက်တာကျော်စိုးနိုင်က ဆေးရုံအတွင်း လိုက်လံပြသရှင်းလင်းတင်ပြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆောင်ရွက်ဖွယ်ရာနှင့် လိုအပ်ချက်များ ကို ဖြည့်ဆည်းမှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြေပုံမြို့သို့ ရောက်ရှိကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ ပြည်သူများက ကြိုဆိုကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြေပုံမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးသာနုက မြေပုံမြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ မိုးစပါးစိုက်ပျိုးရန်လျာထားမှု၊ အထွက်နှုန်းနှင့် အထွက်တင်း၊ ဒေသဆန်ဖူလုံမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၀၄ ခုနှစ် မေ ၁၉ရက်တွင် တိုက်ခတ်ခဲ့သောလေပြင်းတိုက်ခတ်ခဲ့မှုအခြေအနေ၊ လူနေအိမ်များ ပျက်စီးဆုံးရှုံးမှု၊ မြို့ပေါ်ရှိဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ ဆည်မြောင်း တာတမံများ၊ လယ်သမား တာတမံများနှင့် ပုစွန်ကန်များ ပျက်စီးမှုအခြေအနေများ၊ ရေလုပ်သားများ သေဆုံးမှု၊ စက်လှေ၊ လက်လှေများ နစ်မြုပ်ပျက်စီးမှု၊ လူနှင့် တိရစ္ဆာန်များဆုံးရှုံးမှု

အခြေအနေ၊ ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ဆောင်ရွက်မှု၊ ကယ်ဆယ်ရေးပစ္စည်းများ ရရှိမှုနှင့် ဖြန့်ဝေမှုအခြေအနေများကို လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် မြေပုံ–မင်းပြားကျောက်ချောလမ်း ဖောက်လုပ်ခြင်း၊ မြို့မဆိပ်ခံတံတား တည်ဆောက်ရေး၊ မြို့ ရေပေးရေးလုပ်ငန်း၊ လျှပ်စစ်မီးရရှိရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်မှုများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက မြေပုံမြို့နယ်ရှိ လေပြင်းဒဏ်သင့် အိမ်ထောင်စုများအတွက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ဇွန် ၈ ရက်က မြေပုံမြို့နယ် လေပြင်းဒဏ်သင့် အိမ်ထောင်စု များအတွက် ဆန်အိတ်များ၊ ကြက်ခြေနီကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးဝါးများ၊အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌအား ပေးအပ်စဉ်။ (သတင်းစဉ်)

ဆန်အိတ်များ၊ ကြက်ခြေနီကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးဝါးများ၊ အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ပေးအပ်သည်။

ရေရှည်ဒေသဖွံ့ဖြိုးရေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသည့် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့မိမိဦးဆောင်သည့် အဖွဲ့သည် ရခိုင်ပြည်နယ် မြေပုံမြို့ အပါအဝင် လေပြင်းတိုက်ခတ်မှုဒဏ် ခံကြရသည့် မြို့နယ်များအတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသား မိသားစုများ ရုပ်ပိုင်းဆိုင်ရာ တွေ့ကြုံခံစားနေရသည့် အခက်အခဲများ၊ စိတ်ပိုင်းဆိုင်ရာ သောကများ လျော့နည်း ပြေပျောက်သွားစေရန် နိုင်ငံတော်က မြို့ရွာအထိ ဆင်းပြီး

လတ်တလောဖြည့်ဆည်းပေးဖွယ်ရာများအပြင် ရေရှည်ဒေသဖွံ့ဖြိုးရေး အထောက်အကူဖြစ်စေမည့် အခြားသော ပံ့ပိုးဆောင်ရွက်ဖွယ်ရာများကို ဖြည့်ဆည်းပေးလိုသောဆန္ဒဖြင့်လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၈ရက်က မြေပုံမြို့နယ် ပညာ့ဗိမာန်ရိပ်သာကျောင်းတိုက်၌ တိုက်ကြီးကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစက ဘဒ္ဒန္တနန္ဒကစ္စာယနာဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော်များအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်း သဘာဝလေပြင်းတိုက်ခတ်မှုဖြစ်ပွားကြောင်း သိလျှင်သိချင်း ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး အနေဖြင့် လိုအပ်သည့်ကော်မတီများကို ချက်ချင်းဖွဲ့စည်းပြီး ရှေးဦး လတ်တလော လိုအပ်သော ကယ်ဆယ်ရေးပစ္စည်းများပံ့ပိုးပေးခြင်းနှင့်အတူ ကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ တစ်ဆက်တည်းမှာပင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး၊ဒုတိယဝန်ကြီးများဦးဆောင်ပြီး ဌာနပေါင်းစုံမှ တာဝန်ရှိသူများပါဝင်သည့်အဖွဲ့များကလည်း လေပြင်းဒဏ်ခံရသည့် ဒေသများသို့ အရောက်သွားရောက်ပြီး လတ်တလောလိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်း၊ အလားတူပင် အခြားသောဝန်ကြီးဌာနများက ဝန်ကြီး၊ ဒုတိယဝန်ကြီးများဦးဆောင်သည့်အဖွဲ့များလည်း လာရောက်ပြီး မိမိတို့ဌာနအလိုက် ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း။

ယနေ့မိမိဦးဆောင်ပြီး ဒေသတာဝန်ခံနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများပါဝင်သည့် အဖွဲ့အနေဖြင့် လေပြင်းဒဏ်ခံစား ခဲ့ကြရသည့် ဒေသနေတိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ခံစားနေရသည့်အခက်အခဲနှင့် သောကများ လျော့နည်း ပပျောက်စေရန် နှစ်သိမ့်အားပေးရင်း ဒေသ

ဖွံ့ဖြိုးရေး လိုအပ်ချက်များကိုပါ ဖြည့်ဆည်းပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုအတွင်း မည်သည့်အစိတ်အပိုင်း၊ မည်သည့်နေရာတွင်မဆို ပြည်သူများအခက်အခဲဖြစ်ပေါ်တွေ့ကြုံရင်ဆိုင်နေရပါက နိုင်ငံတော်အစိုးရက လိုအပ်ချက်များကို ချက်ချင်းစီမံခန့်ခွဲ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမြဲပင်ဖြစ်ကြောင်း။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားအများစု စုပေါင်းနေထိုင်လျက်ရှိသည့် ပြည်နယ်၊ တိုင်းများစုစည်းထားသော ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည်နှင့်အညီ ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းမည်သည့်နေရာတွင်မဆို အကြောင်းကိစ္စတစ်ရပ်ရပ်ဖြစ်စေ၊ သဘာဝဘေးဒဏ်ပဲဖြစ်စေ ပေါ်ပေါက်လာလျှင် ကျန်ဒေသများ၌ နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားများကလည်း မိမိတို့နှင့်သက်ဆိုင်သည့်အကြောင်းကိစ္စအဖြစ်ခံယူပြီး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးခဲ့ကြသည့် အစဉ်အလာများရှိပြီးဖြစ်သည်နှင့်အညီ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားအားလုံး၏ အရေးသည် မိမိတို့အရေးဖြစ်သည်ဆိုသည့် ခံယူချက်သည် **"ပြည်ထောင်စုစိတ်ဓာတ်"**၏ အနှစ်သာရပင်ဖြစ်ကြောင်း။

ယနေ့ မြေပုံမြို့နယ် အပါအဝင် အခြားသော မြို့နယ်များအတွက် နိုင်ငံတော်အပိုင်းက လတ်တလောလိုအပ်

ချက်များ ပံ့ပိုးဆောင်ရွက်ပေးခဲ့သလို ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်အကျိုးဖြစ်ထွန်းစေမည့် မြေပုံ–မင်းပြားကျောက်ချောလမ်း ဖောက်လုပ်ရေး၊ ဆိပ်ခံတံတားတည်ဆောက်ရေး၊ မြို့သောက်သုံးရေပေးဝေရေး၊ လျှပ်စစ်မီးစက်လဲလှယ်ရေး၊ မီးသတ်စက်အပါအဝင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကိုပါဖြည့်ဆည်းပေးခဲ့ကြောင်း။

ကြိုးပမ်းဆောင်ရွက်

မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျ စေတနာထား ဆောင်ရွက်ပေးသွားရန်နှင့် တစ်ချိန်တည်းမှာပင် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ၊ စီးပွားရေးဘဝမြင့်မားတိုးတက်ရေးအတွက် နိုင်ငံတော်က ချမှတ်ပေးထားသည့် ကျေးလက်ဒေသလုပ်ငန်းစဉ်ငါးရပ်အောင်မြင်စေရေးအတွက် မိမိမြို့နယ်အတွင်းရှိ စေတနာရှင် လူမှုရေးအဖွဲ့များ၏ အားကိုရယူကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည်သူများအပိုင်းကလည်း မိမိဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းပေးသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသိစိတ်ဖြင့်ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန်နှင့် မိမိအတွက်ရော၊ နိုင်ငံတကာအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် လယ်ယာကုန်ထုတ်လုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဝီရိယစိုက်ထုတ်အလုပ်လုပ်ကြရေးမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြေပုံမြို့ ပညာ့ဗိမာန်ရိပ်သာကျောင်းတိုက်၌ တိုက်ကြီးကျောင်းဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ဘဒ္ဒန္တနန္ဒကစ္စာယနာဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော်များအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

နှုတ်ဆက်အားပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြေပုံမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ခြေကျင်လှည့်လည်ကြည့်ရှုကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

ဘဂ္ဂဒက်တောင်ဘက်၌ ကန်စစ်ယာဉ်တန်း ဗုံးထိမှန် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေ၊ အခြားနှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၈

ဘဂ္ဂဒက်မြို့တော် တောင်ဘက်တွင် တနင်္လာနေ့က အမေရိကန်စစ်ယာဉ်တန်းတစ်ခု လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ အမေရိကန်စစ်ယာဉ်တန်း ဗုံးပေါက်ကွဲထိမှန်မှုဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အခြားနှစ်ဦး ဒဏ်ရာရရှိချိန်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက သံသယရှိသောနေရာများကို ပစ်ခတ်ခဲ့ကြောင်း အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သေဆုံး

အီရတ်ကို အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ စတင်ကျူးကျော်တိုက်ခိုက်ခဲ့ချိန်မှစ၍ တိုက်ခိုက်ခံရပြီး သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၆၀၅ဦး ရှိခဲ့ပြီဖြစ်သည်။

ကြုံတွေ့

အီရတ်ရှိ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များသည် အီရတ်ပြောက်ကျားတို့၏ လမ်းဘေးဗုံးဖြင့် တိုက်ခိုက်မှုများကြောင့် သေဆုံးရမှုများနှင့် အမြဲကြုံတွေ့နေရလျက်ရှိသည်။ အဆိုပါဗုံးခွဲတိုက်ခိုက်မှုများ၌ အိတ်များတွင်ထည့်ထားသောဗုံးများ၊ လမ်းဘေး၌ ထောင်ထားသောဗုံးများနှင့် အခြားနည်းလမ်းများဖြင့် အသုံးပြုထားသောဗုံးများဖြင့် တိုက်ခိုက်ကြခြင်းဖြစ်သည်။ အဆိုပါဗုံးများကို အမေရိကန် စစ်ယာဉ်တန်းများ ဖြတ်သန်းမောင်းနှင်ချိန်တွင် အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်၌သေဆုံးသောကန်တပ်ဖွဲ့ဝင် ၈၂၅ဦးရှိပြီ

ဘဂ္ဂဒက် ဇွန် ၈

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ၂၀၀၃ခုနှစ် မတ်လမှစတင်၍ ကျူးကျော် ဝင်ရောက်ခဲ့ချိန်မှစ၍ ၂၀၀၄ခုနှစ် ဇွန်လ ၈ရက် အင်္ဂါနေ့ ရောက်ချိန်၌ အီရတ်တွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၈၂၅ဦးဖြစ်သည်။

ယင်းအနက် ၆၀၇ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၁၈ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်။

၂၀၀၃ခုနှစ် မေလ ၁ရက်၌ စစ်ပွဲကြီးပြီးကြောင်း သမ္မတဘုရှ် ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၆၈၇ဦး ဖြစ်ပြီး ယင်းအနက် ၄၉၈ဦးမှာ တိုက်ပွဲ၌သေဆုံးခြင်းဖြစ်၍ ၁၈၉ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်။

သေဆုံး

ထို့ပြင် အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၅၈ဦး၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦး၊ယူကရိန်း လေးဦး၊ပိုလန်ခြောက်ဦး၊ ဆလိုဗေးကီးယား သုံးဦး၊ အခြား နှစ်ဦးနှင့် ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ လတ်ဗီးယားနှင့် နယ်သာလင်တို့ တစ်ဦးစီ သေဆုံးခဲ့သည်။ **အင်တာနက်**

မိုဆူးလ်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးနေသော ယာဉ်များကို ဇွန် ၈ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တူရကီသို့ပေးပို့သည့် ကယ်ကွတ်ရေနံပိုက်လိုင်း စီးဆင်းမှုမရှိသဖြင့် ရေနံရောင်းချရေးအခက်ကြုံ

ဒူဘိုင်း ဇွန် ၉

တူရကီသို့ ပေးပို့လျက်ရှိသည့် အီရတ်ရေနံပိုက်လိုင်း ရေနံများစီးဆင်းမှုရပ်တန့်သွားကြောင်း ယင်းရေနံများ စီးဆင်းမှုမရှိသဖြင့် သီတင်းအနည်းငယ်အတွင်း ကယ်ကွတ်မှရေနံများ ရောင်းချရန် မဖြစ်နိုင်သေးကြောင်း ရေနံဈေးကွက်ဖန်တီးသူ ဆိုမိုက အင်္ဂါနေ့တွင် ပြောကြားသည်။

လုံလောက်သော ရေနံများကို တူရကီ မြေထဲပင်လယ်ဆိပ်ကမ်း ဆီးဟန်ရှိ ရေနံလှောင်ကန်များတွင် စုဆောင်းထားသည့်အထိ အီရတ်နိုင်ငံ၏ ရေနံတင်ပို့မှုကို အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမှတစ်နေ့လျှင် ရေနံစည် ၁၃သမ၆၅သန်း တင်ပို့ရန် သတ်မှတ်ထားသည်။

ရေနံစိမ်းများ အဆိုပါ ရေနံပိုက်လိုင်းမှ မေ၃၁ရက်မှစတင်ပြီး ရေနံများ စီးဆင်းမှု မရှိတော့ကြောင်း၊ ယင်းပိုက်လိုင်းမှာ အလုပ်မလုပ်တော့ကြောင်း၊ ၎င်းရပ်တန့်မှုသည် တစ်ပတ်ကျော်ကြာသွားပြီဖြစ်ကြောင်း၊ ရေနံတင်ပို့ရေး သတင်းရပ်ကွက်များက ပြောသည်။

အီရတ်နိုင်ငံသည် ၎င်း၏ရေနံတွင်းများမှာ နည်းပညာနှင့် လုံခြုံရေး ပြဿနာများကြောင့် စစ်မဖြစ်မီက တစ်နေ့ ရေနံစည် နှစ်သန်း တင်ပို့ခဲ့ရေး ရည်မှန်းချက်ကို ရောက်ရှိရန် ဆုံးရှုံးလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

ရင်းနှီးမြှုပ်နှံမှုတိုးတက်ရန် ထိုင်းနိုင်ငံမျှော်လင့်

ကူမင်း ဇွန် ၉

ထိုင်းနိုင်ငံနှင့်တရုတ်ပြည်အနောက်တောင်ဘက်ရှိ ယူနန်ပြည်နယ်တို့ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေးအတွက် မျှော်လင့်ကြောင်း၊ ယူနန်ပြည်နယ်မြို့တော်၌ ပြုလုပ်သည့် တရုတ် ကူမင်းသွင်းကုန်ထုတ်ကုန် လူသုံးကုန်ပစ္စည်းပြပွဲသို့ တက်ရောက်ရန် ရောက်ရှိခဲ့ကြသော ထိုင်းစီးပွားရေးလုပ်ငန်းရှင် ၁၀၀ကျော် အဖွဲ့ကို ဦးဆောင်ခဲ့သော ထိုင်းစက်မှုဝန်ကြီး ပင်နစ်ဂျာရူစွမ်ဘက်က တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားမှုကြောင့် မီးခိုးများ ဖုံးလွှမ်းနေသည်ကို ဇွန် ၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲဆင်နွှဲရာ၌ ငွေကြေးကုန်ကျခံသုံးစွဲမှု ပြန်းတီးခြင်းသာဖြစ်

ယင်းငွေကြေးကို ပင်လယ်ရပ်ခြား အထောက်အကူ၌ အသုံးပြုသင့်ဟုဆို

လန်ဒန် ဇွန် ၈

အီရတ်ကို စစ်ပွဲဆင်နွှဲရာ၌ အစိုးရက ငွေကြေးသုံးစွဲခြင်းသည် ငွေကြေးကို ပြုန်းတီးခြင်းပင်ဖြစ်ပြီး ပင်လယ်ရပ်ခြားအထောက်အကူအပေါ် သုံးစွဲသင့်ကြောင်း ထင်မှတ်ကြသူ ၆၀ ရာခိုင်နှုန်း ရှိကြောင်း အသစ်ကောက်ယူသည့် လူထုသဘောထား၌ ဖော်ပြထားသည်။

အဆိုပါ လူထုသဘောထားတွင် ဗြိတိန်အများစုက အီရတ်ကို ကျူးကျော်သိမ်းပိုက်ရာ၌ သုံးစွဲသော ငွေကြေးပေါင် ဘီလီယံများစွာကို ကမ္ဘာ့ဆင်းရဲနိုင်ငံများအား ကူညီရာ၌ ပြောင်းလွှဲသုံးစွဲရန်လိုလားကြောင်း ပြသသည်ဟု ဆိုသည်။

ဖော်ပြ

အထူးသဖြင့် အမျိုးသမီးများက အီရတ်ကိုကျူးကျော်ဝင်ရောက်ရန်အတွက် အခွန်ထမ်းဆောင်သူများ၏ ငွေကြေးများကို အသုံးပြုခြင်းအား ဒေါသထွက်ခဲ့ကြပြီး သုံးပုံနှစ်ပုံသော အမျိုးသမီးများက အီရတ်နိုင်ငံအတွက် ဖယ်ထားသော ငွေကြေးထောက်ပံ့ကူညီရာ၌ အသုံးပြုသင့်ကြောင်း ယုံကြည်ယူဆကြသည်ဟု လူထုသဘောထား ကောက်ယူချက်၌ ဖော်ပြသည်။

ဗြိတိသျှအစိုးရက အီရတ်စစ်ပွဲအတွက် ပေါင် ၃ဒသမ ၈ဘီလီယံကို သီးသန့်ဖယ်ထားသော်လည်း အချို့က စစ်ပွဲနှင့်သိမ်းပိုက်မှု ကုန်ကျစရိတ်သည် ဗြိတိသျှ အခွန်ပေးဆောင်သူများကို ပေါင် ၆ဘီလီယံထိ ကုန်ကျနိုင်စရာရှိကြောင်း ခန့်မှန်းကြသည်။

အဆိုပါ လူထုသဘောထားကောက်ယူမှုကို အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်တွင် ကျင်းပသော ဦးဆောင်စက်မှုနိုင်ငံများ၏ ဂျီ-၈ အစည်းအဝေး၌ ကမ္ဘာ့ခေါင်းဆောင်များ ယနေ့စုဝေးကြချိန်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အာဆီယံနှင့် အေပက်အရာရှိကြီးများ စွမ်းအင်ဖူလုံစေရေး ဖိလစ်ပိုင်၌ဆွေးနွေး

မနီလာ ဇွန် ၈

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)မှ စွမ်းအင်ဆိုင်ရာအရာရှိကြီးများနှင့် ၎င်း၏ ပစိဖိတ်နိုင်ငံများမှ ကုန်သွယ်ရေးမိတ်ဖက်များ၏ စွမ်းအင်ဖူလုံရေးဆိုင်ရာ ထိပ်တန်းအစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် တနင်္လာနေ့က စတင်ကျင်းပသည်။

စွမ်းအင် ဖူလုံရေးသည် အဓိကအကြောင်းအရာဖြစ်သည်ဟူသော အချက်အပါအဝင် အကြမ်းဖက် တိုက်ခိုက်မှုများနှင့် မကြာမီရက်သတ္တပတ်များက မှတ်တမ်းများအရ လောင်စာဆီဈေးနှုန်းများ အဆမတန်မြင့်တက်လာမှုများကို ကာကွယ်ရန် ဆွေးနွေးကြကြောင်း ဖိလစ်ပိုင်နိုင်ငံ စွမ်းအင်ဝန်ကြီး ဗင်ဆင်ပါရာဇ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။ ရေနံနှင့်လောင်စာဆီ ဈေးနှုန်းများ အဆမတန်မြင့်တက်လာရခြင်း၏ ဖြစ်နိုင်ဖွယ်ရာအချက်များမှာ အရှေ့မြောက် အာရှနိုင်ငံများတွင် ရေနံကို သိုလှောင်ထားနိုင်သည့် အချိန်တွင် အရှေ့တောင်အာရှနိုင်ငံများတွင် ဒေသဆိုင်ရာ ရေနံသိုလှောင်ထားမှုကို ရှာဖွေနေရဆဲဖြစ်ကြောင်း ပါရာဇ်က ပြောကြားသည်။

ဗင်ဆင့်ပါရာဇ်သည် အာဆီယံနှင့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု(အေပက်)တို့၏ စွမ်းအင်ဆိုင်ရာ ကွန်ဖရင့်တွင် ကြီးကြပ်ဆောင်ရွက်သူ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

တိုက်ပွဲဝင်ရန်ပြင်ဆင်

အီရတ်ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲများဖြစ်ပွားရာတွင် အယ်လ်ဆာဒါ၏တပ်ဖွဲ့ဝင်များ ဘဂ္ဂဒက်မြို့လမ်းများပေါ်၌ တိုက်ပွဲဝင်ရန် ပြင်ဆင်လျက်ရှိသည် ကို ဇွန် ၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ယာဉ်ပျက်စီး

ဘဂ္ဂဒက်မြို့ အယ်အက်ဟာမီယာဆင်ခြေဖုံး၌ ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးနေသော မော်တော်ယာဉ်ကို ဇွန် ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကားဗုံးခွဲ တိုက်ခိုက်

ဘဂ္ဂဒက်မြို့ ကင်ဒီလမ်း၌ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့သော မြင်ကွင်းကို ဇွန် ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



မြန်မာ့အလင်း အီရတ် မြင်ကွင်း

ထိမှန်ပျက်စီး

မိုဆူးလ်မြို့၌ လမ်းဘေးထောင်ချောက်ဗုံးထိမှန်၍ ပျက်စီးနေသော မော်တော်ယာဉ်ကို ဇွန် ၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



ကျန်းမာရေးပိုမိုဆိုးရွား

အမေရိကန်နှင့် အပေါင်းပါတပ်များက အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ပြီး တစ်နှစ်ကျော်ကြာမြင့်ခဲ့သည့်တိုင် အီရတ်ပြည်သူများ၏ ကျန်းမာရေး အခြေအနေမှာ ပိုမိုဆိုးရွားလျက်ရှိရာ ဘဂ္ဂဒက်မြို့ ကလေးဆေးရုံ၌ ဝမ်းရောဂါဖြစ်ပွားနေသည့် ကလေးငယ်တစ်ဦးအား မိခင်က စောင့်ကြည့်နေသည်ကို ဇွန် ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဗုံးခွဲတိုက်ခိုက်

ဖော်လူဂျာမြို့၌ ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီး မီးများလောင်ကျွမ်းလျက်ရှိရာ အမေရိကန်တပ်ဖွဲ့ဝင်များက စောင့်ကြည့်နေသည်ကို ဇွန် ၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တိုးတက်သစ်လွင်

မြန်ပြည်တစ်ခွင်



နိုင်ငံတော်က နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကချင်ပြည်နယ် ပန်ဝါမြို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခဲ့ရာ မြို့ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း– နယ်စပ်/စည်ပင်)

ကျေးလက်အိမ်ရာ

ရောဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဆောက်လုပ်ပေးထားသော ဒါးကကျေးရွာမှ တန်ဖိုးနည်းအိမ်ရာ တစ်လုံးကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း– နယ်စပ်/စည်ပင်)

ဒေသဖွံ့ဖြိုးရေးလမ်း

ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဆက်စပ်၍ ၅၂ မိုင်ရှည် မိုင်းနောင်–ကျေးသီး–ဟမ်းမငိုင်း–ပန်ကေတု ကားလမ်းဖောက်လုပ်ထားသည်ကို ကျေးသီးမြို့နယ်အတွင်း၌ ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း– နယ်စပ်/စည်ပင်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး



ဆွာချောင်း ရေလှောင်တမံ

ပဲခူးတိုင်း တောင်ငူခရိုင် ရေတာရှည် မြို့နယ်တွင် ဒေသခံ ပြည်သူများ၏ စီးပွားရေး ဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားရေးတို့ကို ဖော်ဆောင်ပေးနိုင်သည့် အပြင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး ရာသီဥတု ညီညွတ်မျှတမှုကိုပါ ဖန်တီးပေးနိုင်သော ကန်ရေပြည့် ရေလှောင် ပမာဏ ဧကပေ ၂၂၈၀၀၀ ရှိ ဆွာချောင်း ရေလှောင်တမံကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)

နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး တစ်နိုင်ငံလုံးက
အတိတ်နိုင်ငံရေးသမိုင်း၏ ခါးသီးဖွယ်ဒုက္ခအပေါင်းမှ ပြည်သူများလွတ်ကင်းအေ

✡ *ကျောဖုံးမှ*

သြဝါဒစကားမြွက်ကြား

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သြဝါဒစကားမြွက်ကြားရာတွင် ယနေ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇)တို့ကို စတင်ဖွင့်လှစ်လိုက်သည့်နေ့ ဖြစ်ကြောင်း။

မျိုးဆက်သစ်လူငယ်ကဏ္ဍတာဝန်ယူ

ယနေ့ဖွင့်လှစ်သည့် သင်တန်းများတွင် တက်ရောက်ကြသူများသည် အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍနှင့် မျိုးဆက်သစ်လူငယ်ကဏ္ဍတို့တွင် တာဝန်ယူနေကြသူများ ဖြစ်ကြောင်း။

ဤသင်တန်းတွင် အမျိုးသားနိုင်ငံရေး၊ မြန်မာ့သမိုင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတကာဆက်ဆံရေး စသည့်ဘာသာရပ်များကို ဆည်းပူးကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည့်အချိန်ကစ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးတွင် လက်တွဲပူးပေါင်းဆောင်ရွက်ရန်နှင့် အမျိုးသားရေးတာဝန်များကို ထမ်းရွက်နိုင်ရန်အတွက် မျိုးဆက်သစ်လူငယ်များကို စွမ်းရည်မျိုးစုံရရှိစေရန် လူငယ်စွမ်းအားစုအဖြစ် လေ့ကျင့်ပျိုးထောင်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ကြောင်း။

ကျွမ်းကျင်မှုသင်တန်းဖွင့်

မျိုးဆက်သစ်လူငယ်များသည် အမျိုးသားရေးအမြင်ဖြင့် နိုင်ငံတော်တည်ဆောက်ရေး၊ ကာကွယ်ရေးခံယူချက်များရရှိစေရန် သင်တန်းအမျိုးမျိုးဖြင့် လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ၁၀ စုနှစ်ကာလအတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကိုပါ ဖွင့်လှစ်ပေးခဲ့ကြောင်း။

ယခု ၂၀၀၄ခုနှစ် နွေရာသီကာလတွင်ဖွင့်လှစ်ခဲ့သည့် သင်တန်းအမျိုးမျိုးတွင်လည်း တက်ရောက်ခဲ့ကြသည့် လူငယ်ပေါင်း နှစ်သန်းကျော်ရှိခဲ့ကြောင်း။

မျိုးဆက်သစ် လူငယ်အင်အားကို နိုင်ငံတော်အတွက်လိုအပ်သည့် လူ့စွမ်းအားအဖြစ်ခံယူခြင်းကြောင့် မျိုးဆက်သစ်လူငယ်များ၏ အမျိုးသားရေးအမြင်၊ နိုင်ငံရေးအမြင်နှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်သည် အလွန်ပဓာနကျကြောင်း။

မြန်မာ့ရေးရာအပေါ် ရှုမြင်သုံးသပ်

သင်တန်းတွင် မြန်မာ့ရေးရာကို လေ့လာသည့်အခါ အပိုင်းလေးပိုင်း တွေ့ကြရမည်ဖြစ်ကြောင်း၊ ပထမပိုင်းသည် နယ်ချဲ့တို့၏ကျူးကျော်စစ်မတိုင်မီ မြန်မာ့အစဉ်အလာ အုပ်ချုပ်ရေးဖြစ်ကြောင်း၊ ဒုတိယပိုင်းသည် ကိုလိုနီလက်အောက် မြန်မာ့ရေးရာဖြစ်ပြီး တတိယပိုင်းသည် ကိုလိုနီလက်အောက်က လွတ်မြောက်ပြီး မြန်မာ့ရေးရာအခြေအနေဖြစ်ကြောင်း၊ စတုတ္ထပိုင်းသည် မျက်မှောက်ခေတ် မြန်မာ့ရေးရာအပေါ် ရှုမြင်သုံးသပ်ချက်ဖြစ်ကြောင်း။

မြန်မာ့သမိုင်းကို လေ့လာမည်ဆိုလျှင် ပုဂံခေတ်တွင် ပထမမြန်မာနိုင်ငံတော်၊ တောင်ငူခေတ်တွင် ဒုတိယမြန်မာနိုင်ငံတော်နှင့် ကုန်းဘောင်ခေတ်တွင် တတိယမြန်မာနိုင်ငံတော်ကြီးများ တည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

စွမ်းရည်စွမ်းအား ခိုင်မာတောင့်တင်းသည့် နိုင်ငံတော်အဖြစ် သုံးကြိမ်ထူထောင်နိုင်ခဲ့၍ အာရှတွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် အဓိကရ ရပ်တည်နိုင်စွမ်းရှိခဲ့ကြောင်း။

၁၉ရာစုအတွင်းတွင် နယ်ချဲ့တို့ ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး သိမ်းပိုက်ခံလိုက်ရသည့်အတွက် ထီးနန်းပျောက်ပြီး အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ရကြောင်း။

မြန်မာ့သမိုင်းတွင် ကိုလိုနီနယ်ချဲ့လက်အောက်ကို ကျရောက်ခဲ့ချိန်ကစ၍ မူလကရှိခဲ့သည့် မြန်မာ့အစဉ်အလာအုပ်ချုပ်ရေးစနစ် ပြောင်းလဲသွားခဲ့ကြောင်း။

နယ်ချဲ့ဆိုးမွေခံစားရ

ကိုလိုနီလက်အောက် မြန်မာ့ရေးရာကို လေ့လာသုံးသပ်လျှင် ဖိနှိပ်မှု၊ သွေးစုပ်မှု၊ သွေးခွဲအုပ်ချုပ်မှုများ ခံစားခဲ့ရသည့် ကာလဖြစ်ကြောင်း၊ ကိုလိုနီနယ်ချဲ့စနစ်၏ ဆိုးမွေများကို လွတ်လပ်ရေးရပြီးကာလတွင် စတင် ခံစားခဲ့ကြရကြောင်း။

နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရသည့် ပြည်သူများသည် သူ့ကျွန်ဘဝက လွတ်မြောက်ပြီး လွတ်လပ်သော အချုပ်အခြာအာဏာ ပြန်လည်ရရှိရေး၊ ခိုင်မာတောင့်တင်းသည့် နိုင်ငံတော်အဖြစ် ရပ်တည်နိုင်ရေး မျှော်မှန်းချက်ဖြင့် စည်းလုံးညီညွတ်စွာ အားထုတ်ခဲ့မှုကြောင့် ၁၉၄၈ခုနှစ်တွင် အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့် မြန်မာနိုင်ငံတော်အဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့ကြောင်း။

ညီညွတ်မှုပြိုကွဲ

သို့သော်လည်း လွတ်လပ်ရေးရရှိပြီး မကြာခင်မှာပင် ဂိုဏ်းဂဏဝါဒများကြောင့် လွတ်လပ်ရေးအတွက် အတူလက်တွဲ ဆင်နွှဲခဲ့ကြသည့် ခေါင်းဆောင်ပိုင်းအတွင်း စိတ်ဝမ်းကွဲခဲ့ကြကြောင်း၊ ထို့နောက် တိုင်းရင်းသားပြည်သူများ အချင်းချင်း စိတ်ဝမ်းကွဲပြီး အမျိုးသားစည်းလုံးညီညွတ်မှု ပြန်လည်ပြိုကွဲခဲ့ရကြောင်း။

နယ်ချဲ့လက်အောက်က လွတ်မြောက်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံတော်ထူထောင်ရမည့်အချိန်တွင် အရေးကိစ္စအမျိုးမျိုးကို အခြေခံပြီး အချင်းချင်းတိုက်ခိုက်နေရသည့် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားခဲ့ရကြောင်း၊ ဤအရေးကိစ္စကို ကိုလိုနီနယ်ချဲ့စနစ်၏ ဆိုးမွေဒဏ်ရာဒဏ်ချက်အဖြစ် ပြည်သူတစ်ရပ်လုံးက အထင်အရှားသိရှိခံစားခဲ့ရကြောင်း။

ဖွံ့ဖြိုးမှုအနည်းဆုံး

ဤအခြေအနေ၏ အကျိုးသက်ရောက်မှုက နိုင်ငံရေးတည်ငြိမ်မှုနှင့် လုံခြုံမှုသည် အလွန်အားနည်း လျော့ကျသွားခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်း၏ နောက်ဆက်တွဲရလဒ်သည် အမျိုးသား ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဆုံးရှုံးခဲ့ရကြောင်း၊ ထို့နောက် ထက်ကြပ်မကွာ ဖြစ်ပေါ်လာသည့် အခြေအနေသည် ဒေသတွင်း၌ ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံအဖြစ် ရောက်ရှိသွားစေခဲ့ခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံ၏တာဝန်အရပ်ရပ် လွှဲယူခဲ့ရသည့်အချိန်တွင် မျက်မှောက်ခေတ်နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီသည့် မူဝါဒလုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြောင်း၊ အနာဂတ်တွင်တည်ဆောက်သွားမည့် နိုင်ငံတော်အတွက် အခြေခံကောင်းများကိုလည်း တည်ဆောက်ရန် ဦးတည်ခဲ့ကြောင်း။

အမျိုးသားရေးဝါဒကျင့်သုံး

ပထမဆုံး နိုင်ငံတော်တွင် အေးချမ်းတည်ငြိမ်ရေးရရှိအောင် စီစဉ်ခဲ့ကြောင်း၊ အတိတ်သမိုင်း၏ အတွေ့အကြုံအရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတာဝန်များကို ချမှတ်ကျင့်သုံးခဲ့ကြောင်း၊ ဤ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးဝါဒအဖြစ် အခိုင်အမာကျင့်သုံးခဲ့ကြောင်း။

နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးအောင်၊ အေးချမ်းတည်ငြိမ်အောင် အားထုတ်ခဲ့ကြောင်း၊ နိုင်ငံတော်အတွင်း နှစ်ပေါင်း ၄၀ ကျော် ခံစားခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းအောင် တောတွင်းလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ လက်နက်ကိုင် ၁၇ ဖွဲ့သည် နိုင်ငံတော်အစိုးရနှင့် အပြန်အလှန်နားလည်မှုယူပြီး နယ်စပ်ဒေသအသီးသီးတွင် တည်ငြိမ်အေးချမ်းမှုကို ရယူခဲ့ကြကြောင်း။

ပေါင်းလောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း

ပေါင်းလောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ပျဉ်းမနားမြို့အရှေ့ဘက် ၁၁ မိုင်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက်လျက်ရှိသည်။ စီမံကိန်းပြီးစီးပါက လယ်မြေဧက ၃၅၀၀၀ ခန့်ကို ရေပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ် မဂ္ဂါဝပ် ၂၈၀ ကို ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ ၂၀၀၄ ခုနှစ် မကုန်မီ နှစ်စဉ် ပျမ်းမျှ ၉၁၁ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်နိုင်မည့် ပေါင်းလောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဇွန် ၅ ရက်က ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)

နိုင်ငံလုံးကကိုယ်စားလှယ်များတက်ရောက်ခဲ့သည့် ပုဂံလူထုအစည်းအဝေးကြီးကဆုံးဖြတ်ခဲ့ကြ
က်ကင်းအောင်ကာကွယ်မှုဖြင့် နိုင်ငံတော်သစ်ကို ပြည်သူတို့နှင့်လက်တွဲတည်ဆောက်ရမည်

ဤအခြေအနေအပေါ်မူတည်ပြီး ချက်ချင်းစတင်ခဲ့သည့် လုပ်ငန်းကြီးသည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်းကြီးဖြစ်ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြဋ္ဌာန်းပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူမျိုးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသ အေးချမ်းသာယာရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ဤလုပ်ငန်းစဉ်များအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနက ယခုအချိန်အထိ ကျပ်သန်းပေါင်း ၅၆၀၀၀ကျော်နှင့် နိုင်ငံခြားငွေ ဒေါ်လာသန်း ၅၅၀ကျော် သုံးစွဲခဲ့ပြီးဖြစ်ကြောင်း။

ကဏ္ဍစုံတည်ဆောက်

နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှု အထိုက်အလျောက်ရရှိချိန်ကစပြီး အထက်တွင်ပြောခဲ့သကဲ့သို့ ဒေသတွင်းဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဖြစ်က ရုန်းထွက်နိုင်အောင် အမျိုးသားစီးပွားရေးစီမံကိန်းများ စတင်ခဲ့ကြောင်း၊ အမျိုးသားစီးပွားရေးဘဝကို မြှင့်တင်နိုင်ရေးအတွက် ပင်မလိုအပ်ချက်ဖြစ်သည့် စီးပွားရေးအခြေခံ အဆောက်အအုံများကို ကဏ္ဍစုံတွင် တည်ဆောက်လျက်ရှိကြောင်း။

လက်ရှိကာလတွင် နိုင်ငံတော်၏ အဓိကစီးပွားရေးဖြစ်ပြီး ကျေးလက်ပြည်သူတို့၏ စီးပွားရေးဘဝဖြစ်သည့် လယ်ယာစိုက်ပျိုးရေးအတွက် အခြေခံအဆောက်အအုံများကို ပုံအောတည်ဆောက်လျက်ရှိကြောင်း။

အင်တိုက်အားတိုက်အကောင်အထည်ဖော်

နိုင်ငံတော်အနေဖြင့် အခြား အခြေခံအဆောက်အအုံများဖြစ်သည့် မော်တော်ကားလမ်း၊ တံတားများ၊ မီးရထားလမ်းများ၊ ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လေယာဉ်ကွင်းများတိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက်အကောင်အထည်ဖော်ခဲ့ကြောင်း။

ဤကဲ့သို့ အင်တိုက်အားတိုက် အရှိန်အဟုန်ဖြင့် တည်ဆောက်ခဲ့သဖြင့် နိုင်ငံတစ်ဝန်း ကွန်ရက်သဖွယ် ဆက်သွယ်နိုင်သည့် စွမ်းအားရရှိစပြုလာပြီဖြစ်ကြောင်း။

တည်ဆောက်ခဲ့သည့် မြစ်ကူး၊ ချောင်းကူးတံတားကြီးများကြောင့် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် အရှည်ဆုံးဖြစ်လာမည့် သံလွင်တံတား(မော်လမြိုင်)ကို ယခုနှစ်မကုန်ခင် ဖွင့်လှစ်နိုင်အောင် တည်ဆောက်လျက်ရှိကြောင်း။

ဂျက်လေယာဉ် ၁၈ ကွင်း

ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးတွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူရေး၊ လျင်မြန်ရေးသည် လိုအပ်ချက်ဖြစ်ခြင်းကြောင့် ကားလမ်းများနှင့် တံတားများအပြင် ရထားလမ်းအသစ်များ တိုးချဲ့ဖောက်လုပ်လျက်ရှိကြောင်း၊ လေယာဉ်ကွင်းများကိုလည်း ၂၇ ကွင်းအထိ တိုးချဲ့တည်ဆောက်နိုင်ပြီး ယင်းအထဲတွင် ဂျက်လေယာဉ်ကွင်း ၁၈ကွင်းအထိ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ခေတ်မီ နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် နိုင်ငံတော်တည်ငြိမ်ရေး၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအား အရင်းအမြစ် တည်ဆောက်ရေးတို့သည် အခြေခံလိုအပ်ချက်များဖြစ်ကြောင်း။

အမျိုးသားစီးပွားရေးတည်ဆောက်

ထို့ကြောင့် နိုင်ငံတော်၏ လက်ရှိကာလသည် ခေတ်မီနိုင်ငံတော်သစ် အတွက် ဖွံ့ဖြိုးရေးတည်ဆောက်မှုကာလကို ဖြတ်သန်းနေရခြင်းဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံ တောင့်တင်းခိုင်မာမှသာ အမျိုးသားစီးပွားရေးဘဝကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

အခြေခံအဆောက်အအုံများကို တည်ဆောက်နေဆဲမှာပင် နိုင်ငံတော်တွင် ကာလတိုစီမံကိန်းများချမှတ်ပြီး နိုင်ငံအတွင်းရှိ စွမ်းအင်နှင့် စွမ်းအားအသီးသီးကို အားပြုပြီး အကောင်အထည်ဖော်ခဲ့ကြောင်း။

နှစ်စဉ်စီမံကိန်းရည်မှန်းချက်ထက်ကျော်လွန်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ယခုအခါ တတိယကာလတို ငါးနှစ်စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဆက်လက် ဖွံ့ဖြိုးလာစေရန်အတွက် ယခုအခါ ၂၀၀၁–၂၀၀၂ ခုနှစ်မှ ၂၀၀၅–၂၀၀၆ ခုနှစ်အထိ တတိယကာလတို ငါးနှစ်စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော်နေကြောင်း၊ စီမံကိန်း၏ ရည်မှန်းချက်များမှာ–

- **လယ်ယာစိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများတိုးချဲ့ရေး၊**
- **အထွေထွေအခြေခံစက်မှုလုပ်ငန်းများတိုးချဲ့ရေး၊**
- **စက်မှုလုပ်ငန်း တိုးချဲ့မှုနှင့်အတူ လိုက်လျောညီထွေမှုရှိစေရေးအတွက် လျှပ်စစ်ဓာတ်အားကဏ္ဍ၊ စွမ်းအင်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး၊**
- **လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍများတွင် ပြည်တွင်းသုံးစွဲမှု ဖူလုံရေးနှင့် ပြည်ပပို့ကုန်တင်ပို့နိုင်ရေးအတွက် တိုးချဲ့ဆောင်ရွက်ရေး၊**
- **အခြားကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊**
- **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊**
- **ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ ဖြစ်ကြောင်း။**

စီးပွားရေးဖွံ့ဖြိုးစပြု

စီမံကိန်းအကောင်အထည်ဖော်မှု အရှိန်ရလာသည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေးပုံသဏ္ဌာန်သည် စတင် ပြောင်းလဲစပြုလာကြောင်း၊ စိုက်ပျိုးရေးအပြင် စက်မှုနှင့် အခြားစီးပွားရေးကဏ္ဍများလည်း ဖွံ့ဖြိုးစပြုလာပြီဖြစ်ကြောင်း၊ နိုင်ငံတော်တွင် စက်မှုဇုန် ၁၉ဇုန် ဖွဲ့စည်းခဲ့ပြီး ယင်းစက်မှုဇုန်နှင့် စက်မှုဇုန်ပြင်ပများပါ စက်ရုံအလုပ်ရုံပေါင်း တစ်သိန်းအထိ တည်ရှိလာခဲ့ကြောင်း။

ဤစက်မှုလုပ်ငန်းများ တိုးတက်များပြားလာသည့်အပြင် အခြားစီးပွားရေးလုပ်ငန်းများနှင့် လူမှုရေးလိုအပ်ချက်များကြောင့် ၁၉၈၈ခုနှစ်က လျှပ်စစ်ထုတ်လုပ်နိုင်မှု ကီလိုဝပ်နာရီသန်းပေါင်း ၂၀၀၀ကျော်သာရှိခဲ့ရာမှ ၂၀၀၂–၂၀၀၃ ခုနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၅၀၀၀ ကျော်ထိထုတ်လုပ်ဖြန့်ဖြူးခဲ့ရကြောင်း။

အားပေးမြှင့်တင်

စီးပွားရေးတည်ဆောက်မှု ထုထည်ကြီးမားလာခြင်းနှင့် လူမှုစီးပွားရေးလုပ်ငန်းများနှင့် လူနေမှုစနစ်က တိုးတက်လိုအပ်သည့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် တည်ဆောက်ဆဲဖြစ်သည့် ပေါင်းလောင်းစီမံကိန်းက မဂ္ဂါဝပ် ၂၈၀၊ ရဲရွာစီမံကိန်းက မဂ္ဂါဝပ် ၇၈၀၊ ရွှေလီစီမံကိန်းက မဂ္ဂါဝပ် ၄၀၀အပြင် တည်ဆောက်ဆဲစီမံကိန်း ၁၁ခုနှင့် တီကျစ်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများ ပြီးစီးသည့်အခါ လျှပ်စစ်ကီလိုဝပ် နာရီသန်းပေါင်း ၁၁၀၀၀ ကျော်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုနှစ်ပိုင်းမှစတင်၍ စက်မှုကဏ္ဍ၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်ရေး၊ စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်လျက်ရှိကြောင်း။

ယနေ့နိုင်ငံတော်သည် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးတွင် သဘာဝအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာရေးအတွက် အစွမ်းကုန်ဆောင်ရွက်နေရသည့်ကာလဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် မျက်မှောက်ခေတ် မြန်မာ့ရေးရာကို ရှုမြင်သုံးသပ်လျှင် အတိတ်၏ဆိုးမွေကြောင့် တင်ရှိနေသည့် ခေတ်နောက်ကျမှု အကြွေးကိုပေးဆပ်နေရခြင်းနှင့် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံနေရခြင်းအဖြစ် မြင်တွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံရေးတည်ငြိမ်မှု၊ ငြိမ်းချမ်းမှုမှသည် ပြည်သူများ၏ အခြေခံလိုအပ်ချက်အထိ ကျယ်ဝန်းသည့် လုပ်ငန်းစဉ်များကို မိမိပြည်တွင်းစွမ်းအားဖြင့် တည်ဆောက်နေကြောင်း။

ဖြည့်ဆည်းဆောင်ရွက်

နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးရေးအခြေခံမူသည် နိုင်ငံတစ်ဝန်းလုံးညီမျှသည့် ဖွံ့ဖြိုးရေးကို ရေးရှုထားကြောင်း၊ ထို့ကြောင့်လည်း တစ်နိုင်ငံလုံးတွင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုသတ်မှတ်ပြီး အခြေခံလိုအပ်ချက်များကို တည်ဆောက်လျက်ရှိကြောင်း၊ နိုင်ငံ၏လူဦးရေ အများစုနေထိုင်ရာ ကျေးလက်ဒေသ၏ အခြေခံလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်တွင် နိုင်ငံရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍကဲ့သို့ပင် လူမှုရေးကဏ္ဍကိုလည်း အထူးဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားပညာရည်မြင့်မားရေးကို အထူးလေးနှစ်စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော်ခဲ့ကြောင်း၊ ပညာသင်ယူမှု အခွင့်အလမ်း သိသိသာသာ တိုးပွားလာအောင် အခြေခံပညာကဏ္ဍတွင်ရော အဆင့်မြင့်ပညာကဏ္ဍတွင်ပါ ဆောင်ရွက်ခဲ့ကြောင်း။

အခြေခံပညာကျောင်းများ တစ်နိုင်ငံလုံး ဖြန့်ကြက်ဖွင့်လှစ်ခဲ့ပြီး နယ်စပ်ဒေသ၊ ဝေးလံဒေသ၊ တောင်ပေါ်ဒေသမကျန် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။

အဆင့်မြင့်ပညာကဏ္ဍတွင် နိုင်ငံတစ်ဝန်းလုံးသင်ယူနိုင်မှု အခွင့်အလမ်း တိုးတက်စေရန်အတွက် အထူးဒေသကြီး ၂၄ ခုအပြင် အခြားလိုအပ်သည့် ဒေသများ၌ပါ တက္ကသိုလ်၊ ကောလိပ်များကို ဖြန့်ကြက်ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

ပါရဂူဘွဲ့အထိပို့ချနိုင်

ဘာသာရပ်များကိုလည်း သိသိသာသာ တိုးချဲ့သင်ကြားနိုင်ရုံသာမက အရည်အသွေးပါ မြှင့်တင်ပေးနိုင်ခဲ့ပြီး ဝိဇ္ဇာ၊ သိပ္ပံ၊ ဆေးပညာ၊ နည်းပညာ အပိုင်းများတွင် ပါရဂူဘွဲ့အထိ ပို့ချနိုင်ခဲ့ကြောင်း။

လူ့စွမ်းအားမြင့်မားရေးတွင် ပြည်သူများ ကျန်းမာကြံ့ခိုင်စေရန်လည်း အထူးအာရုံစိုက် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ အထူးကုဆေးရုံကြီးများ အပါအဝင် ဆေးရုံပေါင်း ၇၉၀ရှိလာပြီး ဆေးရုံအသစ် ၁၅၉ ရုံ တိုးချဲ့ဖွင့်လှစ်ခဲ့ကြောင်း၊ ထို့အပြင် ဆေးရုံ ၁၂၅ ရုံကိုလည်း အဆင့်မြှင့်တင်ပေးခဲ့ကြောင်း။

မူဝါဒချမှတ်

ဆေးပညာဆိုင်ရာ တက္ကသိုလ် ၁၇ ခုအထိဖွင့်လှစ်ပြီး ဆေးပညာသင်ကြားမှုကို မြှင့်တင်ပေးလျက်ရှိကြောင်း၊ ပြည်သူများကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးသည် နိုင်ငံတော်အစိုးရ၏ လူမှုရေးဖွံ့ဖြိုးမှု မူဝါဒတစ်ရပ်ဖြစ်ကြောင်း ပြောလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးရေးရှေးရှု

ခေတ်မီနိုင်ငံတော်သစ်တည်ဆောက်ရေးသည် အလွန်လက်တွေ့ကျသည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ ချမှတ်သည့် လုပ်ငန်းစဉ်များသည် နိုင်ငံ၏ပကတိ အခြေအနေနှင့် ကိုက်ညီရန်လည်း လိုအပ်ကြောင်း၊ အရင်းအမြစ်အားလုံး ဖွံ့ဖြိုးလာအောင်တည်ဆောက်ရင်း အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုတည်ဆောက်ကြရမည်ဖြစ်ကြောင်း။

အနာဂတ်နိုင်ငံတော်တွင် ဒီမိုကရေစီကျင့်စဉ် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ရေးတို့သည် ပဓာနကျသည့် အခြေခံလိုအပ်ချက်သုံးရပ်ဖြစ်ကြောင်း၊ ဒီမိုကရေစီကျင့်စဉ်ဖွံ့ဖြိုးရေးနှင့် ခိုင်မြဲရေးကို အလွန်လက်တွေ့ကျသည့် လုပ်ငန်းစဉ်များဖြင့် တည်ဆောက်ကြရမည်ဖြစ်ကြောင်း။

ပြည်သူနှင့်လက်တွဲ

အတိတ်နိုင်ငံရေးသမိုင်းတွင် ကြုံတွေ့ခဲ့ရပြီးဖြစ်သည့် ခါးသီးဖွယ်ရာ ဒုက္ခအပေါင်းက ပြည်သူများကို လွတ်ကင်းအောင် ကာကွယ်မှုဖြင့် နိုင်ငံတော်သစ်ကို ပြည်သူတို့နှင့် လက်တွဲတည်ဆောက်ကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်မှာကြားလိုသည်မှာ နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် တစ်နိုင်ငံလုံးက ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည့် ပုဂံလူထုအစည်းအဝေးကြီးက ဆုံးဖြတ်ခဲ့ကြကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်အနက် ယခုအခါ အမျိုးသားညီလာခံကြီးကို စတင်ကျင်းပနေပြီဖြစ်ကြောင်း။

မိမိတို့မျှော်မှန်းထားသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အမျိုးသားရေးတာဝန်များကို မည်သည့်အရာကမျှ အဟန့်အတားမဖြစ်အောင် ကာကွယ်ကြရန်လိုအပ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ယခုတက်ရောက်ကြမည့် သင်တန်းတွင် နိုင်ငံ၏ပကတိအရှိတရားများကို ရှင်းရှင်းလင်းလင်းမြင်တွေ့အောင် လေ့လာကြရမည်ဖြစ်ကြောင်း၊ ယနေ့တည်ဆောက်နေသည့် မူဝါဒလမ်းစဉ်များကို တာဝန်သိမှု၊ တာဝန်ရှိမှု၊ အမျိုးသားရေးအပေါ်သစ္စာရှိမှုတို့ဖြင့် ချဉ်းကပ်ပြီး အောင်မြင်သည်အထိ ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဘုရင့်နောင်ခန်းမ၌ သင်တန်းသားသင်တန်းသူများနှင့်အတူ နံနက်စာ သုံးဆောင်ပြီးနောက် မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်းမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

နိုင်ငံတော်၏စီးပွားရေး ဆက်လက်ဖွံ့ဖြိုးလာစေရေး အကောင်အထည်ဖော်နေသော စီမံကိန်းရည်မှန်းချက်များ

- ☆ **လယ်ယာစိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများတိုးချဲ့ရေး။**
- ☆ **အထွေထွေအခြေခံစက်မှုလုပ်ငန်းများတိုးချဲ့ရေး။**
- ☆ **စက်မှုလုပ်ငန်းတိုးချဲ့မှုနှင့်အတူ လိုက်လျောညီထွေမှု ရှိစေရေးအတွက် လျှပ်စစ်ဓာတ်အားကဏ္ဍ၊ စွမ်းအင်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး။**
- ☆ **လယ်ယာကဏ္ဍနှင့်သားငါးကဏ္ဍများတွင် ပြည်တွင်းသုံးစွဲမှု ဖူလုံရေးနှင့် ပြည်ပပို့ကုန်တင်ပို့နိုင်ရေးအတွက် တိုးချဲ့ဆောင်ရွက်ရေး။**
- ☆ **အခြားကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။**
- ☆ **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး။**
- ☆ **ကျေးလက်ဒေသဖွံ့ဖြိုးရေး။**

သန်လျင်ဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၉

ဦးအောင်ဝင်းသည် သန်လျင်ဂေါက်ကလပ်၌ ဇွန် ၄ ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၇)သို့ ၁၀၁ကိုက်အကွာမှ Tour Special No.5 ဘောလုံးကို Cleveland Sond Wedge တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။

ထိုနေ့က ကစားဖော်များ ဖြစ်ကြသော ဦးကျော်ဆန်းလွင်၊ ဦးအုံ့ကူ၊ ဦးဝင်းတင်၊ ဦးသိန်းဝင်းတို့နှင့်အတူ ကစားခဲ့ကြောင်း သိရသည်။

(က–ပ)

သားငါးပွဲ ပြီး ပြည်အကျိုး

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၅၄)

အခုတလောမှာ ဘီဘီစီတို့၊ ဗွီအိုအေတို့အပါအဝင် ပြည်ပကအသံလွှင့်ဌာနတွေရဲ့ အလုပ်ကြီး၊ အကိုင်ကြီးကတော့ ပေါက်စတို့နိုင်ငံရဲ့အနာဂတ်မှာဖြစ်ထွန်းပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းဖို့အတွက် ကျင်းပနေတဲ့ အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း စပယ်ရှယ်လုပ်ကြံဖန်တီးပြီး ထုတ်လွှင့်နေတဲ့အလုပ်ကို အောက်တန်းကျကျ လုပ်ပြကိုင်ပြနေသဗျ။

၂၀၀၄ခုနှစ် မေလ ၂၂ရက်နေ့ ည ၈နာရီ ၁၅မိနစ်မှာ အမျိုးသားညီလာခံနှင့် မြန်မာနိုင်ငံအခြေအနေအကြောင်း ဦးကျော်ဇံသာအား မေးမြန်းတင်ပြချက်ဆိုတဲ့ သတင်းခေါင်းစဉ်နဲ့ ဘီဘီစီက ဘယ်လိုတွေ ထုတ်လွှင့်ခဲ့တယ်ဆိုတာ ပေါက်စလိုရင်းသဘောနဲ့ တိုရှင်းပြောပါ့မယ် ခင်ဗျာ။

ဒီလိုပါခင်ဗျ။ မြန်မာနိုင်ငံဟာ စီးပွားရေးကျပ်တည်းပြီး ပညာရေးအဆင့်ကလဲ နိမ့်ကျနေတဲ့အပြင် ဆောက်ထားတဲ့ကျောင်းတွေကလဲ မြို့အပြင်လယ်ကွင်းတွေမှာ ဆောက်ထားတဲ့အကြောင်း၊ သင်ပေးတဲ့ဆရာအင်အားကလဲ မလုံလောက်တဲ့အကြောင်း၊ တပ်ထဲကအရာရှိတချို့ကလဲ သူတို့ရဲ့ သားသမီးတွေကို နိုင်ငံခြားကိုပို့ရင် ဘယ်လိုပို့နိုင်သလဲဆိုတာ မေးမြန်းစုံစမ်းကြတဲ့အကြောင်း၊ အမျိုးသားညီလာခံကိုလဲ ပြည်သူတွေက စိတ်ပျက်နေကြတယ်လို့ ခံစားရတဲ့အကြောင်း၊ မြန်မာနိုင်ငံမှာ ၁၉၈၈ခုနှစ်တုန်းကလို ပြည်သူတွေက တစ်ပြိုင်နက်တည်း တစ်ခါတည်း နစ်နာတဲ့ ဒုက္ခခံစားရချက်မျိုးနဲ့ အုံကြွဆူပူလာတာမျိုး မဖြစ်ဘူးဆိုရင် ဖြစ်နိုင်တဲ့ နည်းတစ်နည်းကတော့ ထိရောက်တဲ့ခေါင်းဆောင်မှုနဲ့ ပါတီတစ်ခုခုက ခေါင်းဆောင်လှုံ့ဆော်စည်းရုံးမှသာ ၁၉၈၈ခုနှစ်ကလို ဆူပူအုံကြွမှုမျိုး ပေါ်ပေါက်လာနိုင်မယ့်အကြောင်း၊ အဲသလိုတွေ မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးတွေ ပျက်စီးရာပျက်စီးကြောင်းအတွက် မိုးလုံးပြည့်မုသာဝါဒဘီဘီစီဆိုတဲ့ ဂုဏ်ပုဒ်နဲ့အညီ ထုတ်လွှင့်သွားပါတယ် ခင်ဗျာ။

အဲသလိုထုတ်လွှင့်ခဲ့တဲ့ ဗျူးခန်းမှာ အရူးချေးပန်းသလို အမေး၊ အဖြေ၊ အတိုင် အဖောက်၊ အချီ အချ အကွက်ရိုက် ဇာတ်တိုက်ပြီး ထုတ်လွှင့်သူတွေကတော့ မြန်မာနိုင်ငံမှာမွေးပြီး မြန်မာနိုင်ငံရဲ့ထမင်းကိုစား၊ မြန်မာနိုင်ငံက ပညာကို သင်ကြားကြီးပြင်းလာခဲ့ကြတဲ့ ဦးကျော်ဇံသာဆိုသူနဲ့ ဒေါ်တင်ထားဆွေ ဟူသော မြန်မာလူမျိုး အရင်းခေါက်ခေါက်များပဲ ဖြစ်ပါသဗျ။

ပြောမယ်ဆိုရင်ပေါ့ဗျာ၊ အဗျူးခံ ပုဂ္ဂိုလ်အထီး အကောင်းစားကြီးဖြစ်တဲ့ ဦးကျော်ဇံသာဟာ မြန်မာနိုင်ငံကို မိသားစုအလည်အပတ် ပြန်လာတဲ့ပုံစံနဲ့ ဝင်လာတာဖြစ်တယ်ဗျာ။ ဘီဘီစီသတင်းထောက်အဖြစ် ဝင်လာတာမဟုတ်ဘူး ခင်ဗျာ။

သို့သော်လဲပေါ့လေ၊ လိမ်တဲ့သူဟာ အလိမ်မပေါ်ခင်တော့ သူတော်ကောင်းကြီးပါပဲ၊ အဲ–အလိမ်လဲပေါ်ရော ဘီဘီစီဝိုင်းတော်သား သတင်းထောက်ဆိုသူ ပုဂ္ဂိုလ်အထီးအကောင်းစားကြီး ဦးကျော်ဇံသာလဲ သူခိုးကျင့်၊ သူခိုးကြံနဲ့ မြန်မာနိုင်ငံက လစ်ပြေးသွားတာပါပဲ ခင်ဗျာ။ စကားလမ်းကြုံလာလို့ ပြောရမယ်ဆိုရင် ဘီဘီစီဝိုင်းတော်သားဆိုသူတွေဟာ မြန်မာနိုင်ငံကိုလာရင် ဘယ်တော့မှ သိက္ခာရှိရှိ၊ ရိုးရိုးသားသားမလာဘဲ ကျောင်းဆရာတို့၊ ကမ္ဘာလှည့် ခရီးသည်တို့၊ ကုမ္ပဏီကိုယ်စားလှယ်တို့၊ အဲသလိုမျိုး အယောင်ဆောင် ကလိမ်ကကျစ်ဉာဏ်တွေနဲ့ မြန်မာနိုင်ငံထဲ ဝင်ဝင်လာကြတာဟာ ရိုးရာအစဉ်အလာမပျက် လက်ဆင့်ကမ်း ဆက်ခံထိန်းသိမ်းကျင့်ကြံလာတဲ့ သူခိုးသူဝှက် ကြောင်သူတော်အမွေလို့ပဲ ဆိုရမှာပေါ့ ခင်ဗျာ။

အဲ–ခက်တော့လဲ အခက်သားလားဗျာ။ ဘီဘီစီတို့၊ ဗွီအိုအေတို့လို အသံလွှင့်ဌာနတွေအနေနဲ့ မြန်မာနိုင်ငံအပေါ် ရိုးသားဖြောင့်မတ်တဲ့ သဘောထားမရှိဘဲ လုပ်ကြံဖန်တီးပြီး ပုတ်ခတ်စွပ်စွဲတဲ့ အလုပ်ကြီးအကိုင်ကြီးကို တစ်လျှောက်လုံး လုပ်လာကိုင်လာခဲ့ကြတော့ ရိုးရိုးသားသား ဝင်မလာရဲကြဘူးပေါ့ဗျာ။ မြန်မာနိုင်ငံကို လာတာဟာ မြန်မာနိုင်ငံရဲ့ ပကတိအရှိတရားအတိုင်း လေ့လာပြီး နိုင်ငံတကာသိအောင် ပြောမယ်ဆိုမယ် ဝေဖန်မယ်ဆိုတဲ့ သိက္ခာရှိ၊ ကျင့်ဝတ်သိတဲ့ သတင်းသမားရဲ့ စိတ်ဓာတ်က တစ်ပြားဖိုးမျှမပါဘဲ **"မြန်မာနိုင်ငံမှာ ကိုယ်တိုင်လေ့လာသိမြင်တွေ့ကြုံတယ်ဆိုတဲ့ ဆိုင်းဘုတ်ချိတ်ဖို့နဲ့ အဲဒီဆိုင်းဘုတ်အောက်မှာ မဟုတ်တရုတ်လုပ်ကြံထားတဲ့ အတင်းအဖျင်းတွေကို သတင်းထုတ်လွှင့်လိုက်ရင် သတင်းလိမ်ကြီးဟာ သတင်းမှန်အဖြစ် လက်ခံယုံကြည်မှာဖြစ်တယ်ဆိုတဲ့ အောက်လမ်းသတင်းသမားစိတ်ဓာတ်နဲ့ မြန်မာနိုင်ငံအပေါ် မတော်မတရား ပုတ်ခတ်စွပ်စွဲရေးပဲဖြစ်နေတော့ ဘယ်လိုမှ ရိုးရိုးသားသား မလာရဲကြတာပေါ့ဗျာ"**

ဘယ်လိုတွေလဲဗျာ၊ ကြက်တူရွေးကတော်တော် မယ်ဘော်ကကဲကဲ ဆိုစကားလိုပါပဲ၊ ဘီဘီစီတို့၊ ဗွီအိုအေတို့မှာ ရောက်နေကြတဲ့ မြန်မာလူမျိုး ပုဂ္ဂိုလ်အကောင်းစားကြီး အထီး၊ အမတွေဟာ သူတို့ရဲ့ ဒေါ်လာစားဘဝကုလားထိုင်မြဲဖို့အတွက် သူတို့ရဲ့ဆရာကြီး၊ သမားကြီးတွေထက် ပိုပြီးတော့ အာသွက်လျှာသွက်နဲ့ ပါးစပ်က အမြုပ်တစီစီထွက်တဲ့အထိ မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို သဲသဲလှုပ်၊ လုပ်ကြံဖန်တီးပုတ်ခတ်နေတော့ သွားလေသူပေါက်စရဲ့ ကြီးတော်စကားနဲ့ပြောရရင် မြန်မာနိုင်ငံက ဆန်စားလာခဲ့တဲ့ ကျေးဇူးတရားကို မေ့နေကြသလားလို့ ပေါက်စမေးချင်သဗျ။

ထားလိုက်ပါတော့ဗျာ၊ မြန်မာနိုင်ငံဟာ စီးပွားရေးကျပ်တည်းလို့ စားရမဲ့၊ သောက်ရမဲ့၊ အိုးမဲ့၊ အိမ်မဲ့ဘဝနဲ့ လမ်းဘေးပလက်ဖောင်းပေါ်မှာ အိပ်ကြရတဲ့ မြန်မာလူမျိုး မြန်မာနိုင်ငံမှာ တစ်ဦးမျှ မရှိသေးဘူးဗျာ။

အနည်းဆုံးကတော့ ဘုန်းတော်ကြီးကျောင်းတွေ၊ ဇရပ်တွေမှာ အိပ်လို့နေလို့ရသေးသဗျ။ အဲ–ဘီဘီစီဝိုင်းတော်သားဆိုသူ မြန်မာလူမျိုး အထီး အမ ပုဂ္ဂိုလ် အကောင်းစားကြီးများက အထင်တကြီး ကိုးကွယ်ဆည်းကပ်နေတဲ့ နိုင်ငံကြီးတချို့မှာ စားရမဲ့ သောက်ရမဲ့၊ အိုးမဲ့အိမ်မဲ့ ဆင်းရဲသားတွေဟာ လမ်းဘေးပလက်ဖောင်းနဲ့ ပန်းခြံတွေမှာ စက္ကူကတ်ပုံးတွေထဲဝင်ပြီး စက်တော်ခေါ်ကြတာကို ဘယ်လိုပြောကြမလဲဗျာ။

ရှိသေးသဗျ၊ မြန်မာနိုင်ငံမှာ ကျောင်းတွေကို မြို့ပြင်လယ်ကွင်းထဲဆောက်ထားပြီး သင်ကြားရေးမှာလဲ ဆရာအင်အားမပြည့်စုံလို့ ပညာရေးအဆင့်အတန်း နိမ့်ကျသတဲ့ခင်ဗျာ။

ပေါက်စ

ဘယ်လိုလဲဗျာ၊ ကမ္ဘာကျော်မီဒီယာဌာနကြီးဖြစ်တဲ့ ဘီဘီစီအသံလွှင့်ဌာနရဲ့ ဝိုင်းတော်သားကြီးဟာ အခြေအမြစ်မဲ့၊ အထောက်အထားမဲ့တဲ့ အတင်းအဖျင်းကို သတင်းလုပ်ပုတ်ခတ်ပြီး နှုတ်ပါးစပ်ရမ်းတာကတော့ လမ်းဘေး ကလေကချေနဲ့ ဘာကမျှမခြားနားလှပါကလားလို့ ပေါက်စ စုတ်သပ်ရင်းနဲ့ သနားခြင်းကြီးစွာ ဖြစ်မိသဗျ။

မှတ်ထားပါခင်ဗျ၊ မသိသေးရင်ပြောလိုက်ပါ့မယ်။ မြန်မာနိုင်ငံရဲ့ ပညာရေးတိုးတက်မှု အခြေအနေဟာ ၁၉၈၈ခုနှစ်မှာ အခြေခံပညာကျောင်းပေါင်း သုံးသောင်းကျော်ပဲရှိရာက ဒီနေ့ကာလမှာ လေးသောင်းကျော်ရှိခဲ့သလို ၁၉၈၈ ခုနှစ်မှာ ကျောင်းသားကျောင်းသူပေါင်း ငါးသန်းနှစ်သိန်းကျော်ရှိရာက ဒီနေ့ကာလမှာ ခုနစ်သန်းငါးသိန်းကျော်ရှိလာခဲ့ပြီး ၁၉၈၈ခုနှစ်မှာ ဆရာ ဆရာမ တစ်သိန်းခုနစ်သောင်းကျော်ရှိရာက ဒီနေ့ကာလမှာ နှစ်သိန်းနှစ်သောင်းကျော် ရှိလာတယ်ဗျာ။

အဲသလိုပဲ အဆင့်မြင့်ပညာရေး အခြေအနေကိုကြည့်လိုက်ဦးဗျာ။ ၁၉၈၈ ခုနှစ်မှာ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၃၂ ခုပဲရှိရာက ဒီနေ့ကာလမှာ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၄ ခုနဲ့အတူ နည်းပညာတက္ကသိုလ်လေးခု၊ ကွန်ပျူတာတက္ကသိုလ် နှစ်ခု၊ နည်းပညာကောလိပ် ၂၆ ခု၊ ကွန်ပျူတာကောလိပ် ၂၄ခုတို့ကို အသစ်တိုးချဲ့ ဖွင့်လှစ်ခဲ့တဲ့အပြင် လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်နဲ့ ရေကြောင်းပညာတက္ကသိုလ်တို့ကိုလဲ ဖွင့်လှစ်သင်ကြားပေးနေတယ်ဗျာ။

အခုလိုမျိုး တက္ကသိုလ်နဲ့ကောလိပ်တွေ တိုးချဲ့ဖွင့်လှစ်လိုက်တဲ့အတွက် ၁၉၈၈ခုနှစ်မှာ တက္ကသိုလ်၊ ကောလိပ် ကျောင်းသားကျောင်းသူ တစ်သိန်းသုံးသောင်းကျော်ရှိရာက ဒီနေ့ကာလမှာ ရှစ်သိန်းကိုးသောင်းကျော်ရှိလာခဲ့သလို သင်ကြားရေးအပိုင်းအနေနဲ့ ၁၉၈၈ခုနှစ်မှာ ပါမောက္ခ၊ ကထိက၊ နည်းပြအပါအဝင် တက္ကသိုလ် ဆရာ ဆရာမအင်အား ၅၆၀၀သာရှိရာက ဒီနေ့ကာလမှာ ၁၆၆၀၀အထိရှိလာခဲ့တဲ့အပြင် ၁၉၈၈ခုနှစ်မှာ ဘွဲ့၊ ဘွဲ့လွန်သင်ကြားရေးအစီအစဉ်ဟာ ၅၉ မျိုးပဲရှိရာက ဒီနေ့ကာလမှာ ဒီဂရီကောလိပ်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဌာနရဲ့ ဘွဲ့၊ ဘွဲ့လွန်၊ ဘွဲ့ကြို၊ ဒီပလိုမာသင်တန်းက ၁၅၉မျိုးနဲ့ တက္ကသိုလ်၊ ကောလိပ်များက ဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့သင်တန်းများက ၁၅၇မျိုး၊ စုစုပေါင်း ၃၁၆မျိုး အထိ ရှိလာတယ်ဗျာ။

အဲသလောက် ဖြစ်ထွန်းတိုးတက်နေတဲ့ မြန်မာနိုင်ငံရဲ့ ပညာရေးကို နိမ့်ကျတယ်ဆိုပြီး လုပ်ကြံဖန်တီးပုတ်ခတ်တဲ့ နှုတ်ပါးစပ်မျိုးဟာ အချိုးမပြေတဲ့ ကလေကချေစရိုက်ပဲဖြစ်တယ်လို့ ပေါက်စပြောတာ လွန်သလားဗျာ။ ကျောင်းတွေကို မြို့ပြင်လယ်ကွင်းထဲမှာ ဆောက်ထားလို့ ပညာရေးနိမ့်ကျတယ်ဆိုတဲ့ စကားဟာ ဘယ်လိုဆရာသခင်၊ ပညာရှင်ဒိဿာပါမောက္ခကြီးများက သွန်သင်ပို့ချပေးထားတဲ့ ဩဝါဒကထာများလဲ ခင်ဗျာ။

ရှင်းရှင်းလေးခင်ဗျ၊ မြန်မာနိုင်ငံရဲ့ လူဦးရေဟာ ၁၉၈၈ခုနှစ်တုန်းက သန်း ၄၀ပတ်ဝန်းကျင်ရှိရာက ဒီနေ့ကာလမှာ ၅၂သန်းကျော်ရှိလာတဲ့အတွက် မြို့ကွက်တွေ ကျဉ်းလာလို့ မြို့သစ်တွေ တိုးချဲ့ဖော်ထုတ်ခဲ့သလို တက္ကသိုလ်၊ ကောလိပ် အဆောက်အအုံတွေဟာလဲ မြို့ထဲမှာ ဘယ်လိုမှဆောက်မရနိုင်ဘူးဗျာ။ အဲဒီအခြေအနေအရ တက္ကသိုလ်တွေ၊ ကောလိပ်တွေကိုလဲ မြို့သစ်တွေ တိုးချဲ့နေရာချသလို ကျယ်ဝန်းတဲ့နေရာတွေမှာ ဆောက်ရတယ်ဆိုတာလောက်တောင် ဦးနှောက်ချောင်စွာ နားမလည်ရှာတဲ့ ဘီဘီစီဝိုင်းတော်သားကြီးအတွက် ပေါက်စကြားကနေ အခမဲ့ရှက်နေသဗျာ။

လာသေးသဗျ၊ အခုကျင်းပနေတဲ့ အမျိုးသားညီလာခံကို ပြည်သူတွေက စိတ်ပျက်နေလိမ့်မယ်လို့ သူခံစားနေသတဲ့ဗျာ။ အရပ်ရပ်နေပြည်တော်မှာ ကြားလို့မတော် ကျော်လို့မကောင်းအောင် ဘီဘီစီ ဝိုင်းတော်သားကြီးက လုပ်ချလိုက်ပါကလားဗျာ။ အဲသဟာ ဘာစကားလဲလို့ ပေါက်စမေးချင်သဗျာ။ ပြည်သူတွေ စိတ်ပျက်လိမ့်မယ်လို့ ခံစားရတယ်ဆိုတော့ ပေါက်စနားကောမျက်စိကော ချာချာလည်သွားသဗျ။ အမျိုးသားညီလာခံကို ပြည်သူတွေက စိတ်မပျက်ဘူးခင်ဗျ၊ စိတ်ပျက်နေသူတွေကတော့ အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနေတဲ့အတွက် ညီလာခံပျက်စီးရေး လုပ်ကြံဖန်တီးပုတ်ခတ်ပြီး နှောင့်ယှက်ဖျက်ဆီးနေကြတဲ့ ဘီဘီစီဝိုင်းတော်သား အကောင်းစားပုဂ္ဂိုလ်အထီးကြီးနဲ့ မြန်မာပြည်ပြေး ဝရမ်းပြေးများအပါအဝင် ပြည်တွင်းပြည်ပ အဖျက်သမားများပဲ ဖြစ်ပါတယ်ခင်ဗျာ။

ရှင်းနေတာကိုရှုပ်အောင်လုပ်တဲ့ စိတ်ဓာတ်မျိုးဟာ အဘိဓမ္မာပိုးတွေ ဆိုးဆိုးရွားရွား ကပ်ငြိနေတာပဲဖြစ်တယ်ဗျာ။ ဒီနေ့ကာလမှာ မြန်မာပြည်သူတွေအနေနဲ့ ၁၉၈၈ ခုနှစ်နဲ့မတူ ခြားနားတဲ့ တိုးတက်မြင့်မားလုံခြုံနေတဲ့ လူမှုစီးပွားဘဝကို အေးအေးချမ်းချမ်း၊ တည်တည်ငြိမ်ငြိမ် ခံစားနေရတော့ ဘီဘီစီဝိုင်းတော်သား ပုဂ္ဂိုလ်အထီးအကောင်းစားကြီးနဲ့ မြန်မာပြည်ပြေး၊ ဝရမ်းပြေးများအပါအဝင် ပြည်တွင်းပြည်ပအဖျက်သမားများ မျှော်လင့်တောင့်တစွာ လုပ်ကြံလှုံ့ဆော်နေတဲ့ ၁၉၈၈ ခုနှစ်မင်းမဲ့စရိုက်မျိုးကို မြန်မာပြည်သူတွေမလိုလားတဲ့အပြင် အဲသလိုမျိုးဖြစ်လာအောင် ဖန်တီးစီစဉ်လာမယ့် **"ပြည်တွင်းပြည်ပ အဖျက်သမားမှန်သမျှ ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြရမယ်"** ဆိုတဲ့ ပြည်သူ့သဘောထားကလည်း နိုင်ငံနှင့် အဝန်းပြည်သူတစ်ရပ်လုံးက ပြတ်ပြတ်သားသား ဆုံးဖြတ်ထားကြသဗျ။

အဲသဟာကို သဘောမပေါက်ဘဲ ကောက်ကျစ်စဉ်းလဲတဲ့ ကလိမ်ကကျစ်ဉာဏ်နဲ့ မြန်မာနိုင်ငံမှာ ၁၉၈၈ခုနှစ် မင်းမဲ့စရိုက် သောင်းကျန်းမှုမျိုးဖြစ်ပေါ်လာအောင် စည်းရုံးဦးဆောင်လုပ်ကြဖို့အကြောင်း၊ နည်းလမ်းကောင်းတွေကို ရှာဖွေလေ တွေ့ရှိလေသဘောမျိုးနဲ့ ဆရာကြီးလုပ် ဩဝါဒလမ်းညွှန်ပေးနေတဲ့ ဘီဘီစီဝိုင်းတော်သား ပုဂ္ဂိုလ်အထီး၊အမ အကောင်းစားကြီးများရဲ့ ဒီမိုကရေစီစေတနာကတော့ မြန်မာပြည်သူတွေအတွက် ဝေဒနာအကြီးစားတွေပဲ ဖြစ်သဗျ။

အဲ–ကျန်သေးသဗျ၊ မြန်မာနိုင်ငံက မိတ်ဆွေအချို့ဟာ မြန်မာနိုင်ငံမှာ ပညာရေးနိမ့်ကျလို့ နိုင်ငံခြားကို ဘယ်လိုပို့ရမလဲဆိုတာ မေးမြန်းကြတယ်ဆိုပြီး ဘီဘီစီဝိုင်းတော်သားကြီးက သူလိုရာ ရွှီးပြတာဟာလဲ ရယ်စရာပြက်လုံးတစ်ခုပါပဲခင်ဗျာ။

ဘာလို့လဲဆိုတော့ မိဘတိုင်းဟာ သားသမီးတွေကို ကိုယ့်ထက် ပညာ၊ ဥစ္စာ၊ ရာထူးကြီးမြင့်စေချင်တဲ့ မိဘမေတ္တာအရ နိုင်ငံတကာ ပညာရေးကိုလဲ သင်ကြားပေးချင်တဲ့အတွက် အဆက်အသွယ်လမ်းစလေးတွေ မေးကြ မြန်းကြသဗျ။ အဲသဟာကိုပဲ **ဘီဘီစီဝိုင်းတော်သား ပုဂ္ဂိုလ်အထီး အကောင်းစားကြီးက မြန်မာနိုင်ငံရဲ့ ပညာရေးစနစ် နိမ့်ကျလို့မိဘတွေအနေနဲ့ သားသမီးတွေကို နိုင်ငံခြားပို့ကြမယ်ဆိုပြီး ရွှီးပြတာဟာ မြန်မာနိုင်ငံမှာမွေး၊ မြန်မာနိုင်ငံက ကျွေးတဲ့ထမင်းစား၊ မြန်မာနိုင်ငံမှာ ပညာသင်ကြားခဲ့တဲ့ ကျေးဇူးတရားကိုတောင် မထောက်ဘဲ ဖောက်ပြန်နေတယ်ဆိုတာ ပေါက်စတို့ မြန်မာနိုင်ငံသားများက နားလည်လိုက်ပါတယ်ခင်ဗျာ။**

ကဲ–ပေါက်စပြောတာတွေကလဲ ပေရှည်လာတော့ နိဂုံးကမ္ဗတ် အဆုံးသတ်ပါ့မယ်ခင်ဗျာ။ မြန်မာနိုင်ငံရဲ့ ဖြစ်ထွန်းတိုးတက်လာတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး အခြေအနေတွေကို ဒေါ်လာမျက်လုံးနဲ့ကြည့်ပြီး အသိတရားခေါင်းပါးစွာမြန်မာနိုင်ငံနဲ့မြန်မာပြည်သူတွေ ပျက်စီးရေးအတွက် အနှောင့်အယှက်၊ အမှောင့်အဖျက်တွေကို လုပ်ကြံဖန်တီးထုတ်လွှင့်နေကြတဲ့ ဘီဘီစီဝိုင်းတော်သား ပုဂ္ဂိုလ်အထီး၊ အမအကောင်းစားကြီးများဟာ မြန်မာနိုင်ငံသားများဖြစ်ကြပေမယ့် မိခင်နိုင်ငံရဲ့ ကျေးဇူးသစ္စာတရားကို အရှက်မဲ့စွာ ဒေါ်လာနဲ့ လဲစားနေကြတဲ့ အလိုတော်ရိများ ဖြစ်နေကြတဲ့အတွက် **" လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဘူးဗျာ"** ဆိုတဲ့စကားနဲ့ ပေါက်စအခမဲ့ လက်ဆောင်ပါးလိုက်တဲ့အကြောင်း စလောင်းမတပ်ဘဲ မောင်းခတ်ကြေညာလိုက်ပါတယ်ဗျာ။ ဒူ–ဟူဟူ။ ။

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ အစုအဖွဲ့ အလှည့်ကျသဘာပတိ ဦးစောဖီးလစ်(ခ)ဦးဖီးလစ်ဆမ် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ချစ်ထုံးနှောင်ဖွဲ့ ဆောင်ပါလှည့်

* တို့တိုင်းရွှေပြည်၊ မြေမဟီ၌
အမှီအခိုကင်း၊ လောင်းရိပ်ရှင်းကာ
ပွင့်ချင်းယှဉ်ဖက်၊ အခက်ချင်းပြိုင်
အခိုင်ချင်းထပ်၊ ပင်လုံးမတ်ပြီး
ကပ်ပါးတိုးဝင်၊ ပိုးမွှားစင်အောင်
ဆင်ခြင်သတိ၊ အမြဲရှိလျက်
အသိသိုင်းဖွဲ့ ညှိနှိုင်းလှည့်....။

* တရားမျှတ၊ လွတ်လပ်ကြ၍
ညီမျှတို့ပြည်၊ အဓွန့်ရှည်အောင်
ပြည်ထောင်စုသား၊ ပြည်တွင်းအားဖြင့်
စဉ်းစားဝေဖန်၊ ညီလာခံလျက်
အခြေခံဥပဒေ၊ ငါတို့ပြည်၌
တက်နေအဖြစ်၊ ရောင်ရှိန်လှစ်ဖို့
မျိုးချစ်စိတ်ဓာတ်၊ ဖုန်မကပ်ဘဲ
မြင့်မြတ်နှလုံး၊ ကိုယ်စီသုံးပြီး
ချစ်ထုံးနှောင်ဖွဲ့ ဆောင်ပါလှည့်....။ ။

(အမျိုးသားညီလာခံအားဂုဏ်ပြုလျက်)

မင်းယဉ်ခု

ကျောဖုံးမှ

စာတမ်းရှင်များ ညှိနှိုင်းဆွေးနွေးပွဲကိုလည်းကောင်း ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသည့် ဆွေးနွေးပွဲခန်းမများ၌ ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များတက်ရောက်ကြသည်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ (၁)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖီးလစ်(ခ)ဦးဖီးလစ်ဆမ်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၃)မှ ဒုတိယညွှန်ကြားရေးမှူးဦးခင်မောင်ဖြူနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်သန်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်သည့် ညီလာခံကိုယ်စားလှယ် ရာခိုင်နှုန်းအားဖြင့် ၈၉ ဒသမ ၆၆ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်းကြေညာသည်။

ယင်းနောက် သဘာပတိ ဦးစောဖီးလစ်(ခ)ဦးဖီးလစ်ဆမ်က အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြားတင်သွင်း

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြချက်များအပေါ် မြို့(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၏ အကြံပြုဆွေးနွေးချက်စာတမ်းကို မြို့(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးသာဘန်းအောင်က ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉နာရီ၃၅ မိနစ်တွင် ရပ်နားလိုက်သည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် စာတမ်းရှင် ညီလာခံကိုယ်စားလှယ်များ ဆွေးနွေးပွဲကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ဆွေးနွေးပွဲခန်းမ (၂)၌ ကျင်းပရာ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ သဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော မြို့(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်မှ ဦးမောင်ကြီး၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလုနှင့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်း၊ စာတမ်းရှင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၊ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်တို့ တက်ရောက်ကြပြီး စာတမ်းပြုစုရေးဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးကြသည်။

တိုင်းရင်းသား ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိ အဖွဲ့ဝင်များနှင့် ပြည်နယ်နှင့်တိုင်း ၁၄ ခုမှ စာတမ်းပြုစုရေး အဖွဲ့ခေါင်းဆောင်များ၏ စာတမ်းပြုစုရေး ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉နာရီတွင် ပြည်ထောင်စု ခန်းမအတွင်းရှိ ဆွေးနွေးပွဲ ခန်းမ (၃)၌ ကျင်းပရာ သဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော မန္တလေးတိုင်းမှ ဦးမြစိန်၊ ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်၊ ကယားပြည်နယ်မှ ဦးကျော်ဒင်(ခ) ဦးထေးရယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်၊ တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခ)ဦးလှမြင့်နှင့် ပြည်နယ်နှင့် တိုင်းများမှ စာတမ်းပြုစုရေးအဖွဲ့ခေါင်းဆောင်များ၊ အခမ်းအနားမှူး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းနှင့်တွဲဖက်အခမ်းအနားမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ပြည်နယ်နှင့် တိုင်းများမှ အကြံပြုစာတမ်းပြုစုရေးအဖွဲ့ခေါင်းဆောင်များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ညှိနှိုင်းဆွေးနွေးစာတမ်းပြုစုကြသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၏ စုံညီအစည်းအဝေး၌တင်ပြမည့် အကြံပြုစာတမ်းကို ညှိနှိုင်းဖတ်ကြား တင်ပြကြပြီး စာတမ်းဖတ်ပွဲကို မွန်းတည့် ၁၂နာရီတွင် ခေတ္တရပ်နားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ စုံညီ

စာမျက်နှာ ၁၂ ကော်လံ ၁

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့ သဘာပတိ အဖွဲ့နှင့် စာတမ်းရှင်ညီလာခံ ကိုယ်စားလှယ်များ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ သဘာပတိ အဖွဲ့ဝင်များနှင့် စာတမ်းပြုစုရေးအဖွဲ့ခေါင်းဆောင်များ ညှိနှိုင်းဆွေးနွေးကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံအစုအဖွဲ့ ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျ သဘာပတိ ဒေါက်တာမျိုးသန့်တင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

အစည်းအဝေးတွင် တင်သွင်းဖတ်ကြားမည့် အကြံပြုစာတမ်းဖတ်ပွဲကို မွန်းလွဲ ၂နာရီတွင် ဆက်လက်ညှိနှိုင်းဖတ်ကြားပြီး ညနေပိုင်းတွင်ရပ်နားလိုက်သည်။

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံအလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို မွန်းတည့် ၁၂နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပဲခူးတိုင်းမှ ဦးကျော်မျိုးဝင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်းတို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်၄၈ဦးရှိသည့်အနက် ၄၈ဦးစလုံး တက်ရောက်ကြသည့်အတွက် တက်ရောက်မှုရာနှုန်းပြည့်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်းကြေညာသည်။

ယင်းနောက် သဘာပတိ ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်က အဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီကကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ အကြံပြုချက် စာတမ်းများကို အမျိုးသားညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ကချင်ပြည်နယ်မှ ဦးမရန်တန်ဂွန်း၊ရောဝတီတိုင်းမှဒေါ်ခင်စောမူ၊ ကရင်ပြည်နယ်မှဦးစောစိုးတင့်၊ မကွေးတိုင်းမှ ဦးကျော်ဆန်း၊ ရန်ကုန်တိုင်းမှ ဦးလှအေးနှင့် မန္တလေးတိုင်းမှ ဦးသန်းဝင်းတို့ကဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် အလှည့်ကျ သဘာပတိ ဒေါက်တာမျိုးသန့်တင်က အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ တင်သွင်းမည့် အကြံပြုချက်စာတမ်းကိုအလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ ဆန္ဒကို ရယူ၍ အတည်ပြုကြောင်း ကြေညာကာ နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေ ၃ နာရီတွင် ရပ်သိမ်းလိုက်သည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အမျိုးသား ညီလာခံ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီနှင့် မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့ (၁၀)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၅ ဦး ရှိသည့်အနက် ၁၀၀ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၅ဒသမ၂၄ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက်သဘာပတိဒေါက်တာမနန်တူးဂျာက အဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား အစည်းအရုံး(DKBA)နှင့် ပဒေါင်သရေအထူးဒေသအဖွဲ့တို့၏ကိုယ်စားလှယ်များစုပေါင်းတင်ပြသည့်ဆွေးနွေးအကြံပြုချက်စာတမ်းကို တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး (DKBA)မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးစောရွှေတင်ဦးက ဖတ်ကြားတင်သွင်းသည်။

ဖတ်ကြားတင်ပြ

ထို့နောက် ဗမာပြည်ကွန်မြူနစ်ပါတီ(ရခိုင်အဖွဲ့)နှင့်ရခိုင်တပ်မတော် (AA)အဖွဲ့တို့၏ကိုယ်စားလှယ်များက သဘာပတိအဖွဲ့ထံ တင်ပြသော အကြံပြုပေးစာကို သဘာပတိအဖွဲ့ဝင် ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ (၆)မှ ဦးအောင်ခမ်းထီက ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးအဖွဲ့များ ဖြစ်ကြသော ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ (၅) (KDA)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၇)၊ ကချင်ပြည်နယ်အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ KNPP ခွဲထွက်(ဟိုယာ)၊ရှမ်းပြည်နယ် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့၊ မွန်ပြည်သစ်ပါတီ၊ ရှမ်းပြည် အမျိုးသားတပ်မတော်နှင့် မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိုဒေသ)တို့မှ ကိုယ်စားလှယ်များ၏ စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းကို အမျိုးသားညီလာခံကိုယ်စားလှယ်များ ဖြစ်ကြသော ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ (၅)မှ ဦးဇော်တောင်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၇)မှ ဦးမိုင်းအုဏ်းခိုင်တို့က ဖတ်ကြား တင်သွင်းကြသည်။

ထို့နောက်ညီလာခံကိုယ်စားလှယ်ငါးဦးတို့က ဆွေးနွေးအကြံပြုချက်စာတမ်းများကို သဘာပတိထံ ပေးအပ်ကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြရမည့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကိုစွနှင့်စပ်လျဉ်း၍ သဘာပတိအဖွဲ့ဝင် ဦးစိုင်းအောင်ထွန်းက ရှင်းလင်းတင်ပြပြီး အလှည့်ကျ သဘာပတိဒေါက်တာမနန်တူးဂျာက နိဂုံးချုပ် အမှာစကားပြောကြားကာ နံနက် ၁၀ နာရီခွဲတွင် အစည်းအဝေးကို ရပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျ သဘာပတိ ဒေါက်တာမနန်တူးဂျာ အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျပ်သိန်းနှစ်ဆယ်ကျော်တန် ကွန်ပျူတာနှင့် ပရိုဂျက်တာတစ်စုံစီ ဘဏ္ဍာ/အခွန်မိသားစုက အမှတ်(၂)တပ်မတော်ဆေးရုံသို့ လှူဒါန်း

ရန်ကုန် ဇွန် ၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအမှူးပြု၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မိသားစုမှ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင် ၅၀၀)သို့ ငွေကျပ် သိန်းနှစ်ဆယ် လေးသောင်းငါးရာတန်ဖိုးရှိ Computer တစ်စုံနှင့် Projectorတစ်စုံ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင် ၅၀၀)ဧည့်ခန်းမ၌ ယနေ့ညနေပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ရုံးအဖွဲ့မှူး ဦးဘထွေးချစ်၊ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင် ၅၀၀)မှ အထွေထွေဆေးကုသမှုဌာနကြီးမှူး ဗိုလ်မှူးကြီးရဲသွေး၊ ခွဲစိတ်ကုသမှုဌာနကြီးမှူး ဗိုလ်မှူးကြီးထွန်းမြင့်၊ သားဖွားနှင့် မီးယပ်ကုသမှုဌာနကြီးမှူး ဗိုလ်မှူးကြီးသိန်းမြင့်သူ၊ မျက်စိရောဂါကုသမှုဌာနမှူး ဒုတိယဗိုလ်မှူးကြီးသိန်းအောင်၊ ဓာတ်ခွဲခန်းဌာနမှူး ဒုတိယဗိုလ်မှူးကြီးဥဏ်ထိန်လင်းတို့တက်ရောက်ကြသည်။

ဝမ်းသာပီတိဖြစ်

ရှေးဦးစွာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားရာတွင် ကျန်းမာရေးအတွက် အရေးကြီးသောလုပ်ငန်းများ ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန် တတ်အားသမျှ လှူဒါန်းရခြင်းဖြစ်ကြောင်း၊ တန်ဖိုးအားဖြင့်မများသော်လည်း ဤအထောက်အကူ ပစ္စည်းများကြောင့် ရရှိလာမည့် ရလဒ်များမှာ တန်ဖိုးမဖြတ်နိုင်အောင် ကြီးမားသည်ဖြစ်သည့်အတွက် များစွာဝမ်းသာပီတိဖြစ်ရပါကြောင်း ထည့်သွင်းပြောကြားသွားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက Computer တစ်စုံနှင့် Projector တစ်စုံတို့အား ပေးအပ်လှူဒါန်းရာ တပ်မှူး(ကိုယ်စား)အထွေထွေဆေးကုသမှုဌာနကြီးမှူးဗိုလ်မှူးကြီးရဲသွေးကလက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ အပန်းပြေစေရေး ရုပ်ရှင်ဇာတ်ကားပြင့်ဖျော်ဖြေတင်ဆက်ပြသ

ရန်ကုန် ဇွန် ၉

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းပြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ်ည၇နာရီမှ စတင်၍ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ ညပိုင်းတွင် ဒါရိုက်တာ မီးပွားရိုက်ကူးပြီး သရုပ်ဆောင် ရန်အောင်၊ ထွန်းအိန္ဒြာဗို၊ ဝင်းမင်းသန်းနှင့် မေမီလင်းတို့ ပါဝင်သရုပ်ဆောင်ထားကြသည့် 'ညမင်းသား'ရုပ်ရှင် ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်သည်။

(သတင်းစဉ်)

ရွှေညောင်ပင်လမ်းခင်းမှု ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇွန် ၉

ကျောက်တန်းမြို့ အလယ်ပိုင်းရပ်ကွက် ရွှေညောင်ပင်လမ်း ကတ္တရာထပ်ပိုးလွှာတင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးသန်းမင်းဆွေတို့ ဇွန် ၆ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြပြီး လိုအပ်သည်များကို ပံ့ပိုးကူညီပေးကြသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ် နယုန်လပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)

၁၀-၆-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅	၆။	အကပဒေသာ
၈:၂၀	၇။	လမ္မးတံတား
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၁၇:၁၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၃၀	၇။	မြန်မာစာ မြန်မာစကား
၁၇:၄၅	၈။	**"ရောက်ရာဘဝမှ ကျေနပ်ပါ"** (ဇော်လင်း၊ ဝေဠုကျော်၊ ရိုးရိုး၊ ထက်ရှား၊ ဖိုးဖြူ) (ဒါရိုက်တာ-ရိုးရိုး)
၁၈:၀၀	၉။	မွန်ရိုးရာ ဝတ်စားဆင်ယင်မှု
၁၈:၁၀	၁၀။	တေးဂီတအစီအစဉ်
၁၈:၂၅	၁၁။	နိုင်ငံအဝန်း သစ်တောစွမ်းအားဖြင့် စိမ်းလန်းစေရမည်
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၂၉)
၁၉:၃၅	၁၅။	ရခိုင်ပြည်နယ်(အပိုင်း-၁)
၁၉:၄၅	၁၆။	ကျေးလက်ဒေသတစ်ခွင်အလှဆင်
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	ဆိုဗီယက်ရုရှားပြန် ဦးမောင်မောင် (ဆပ်ကပ်ပညာဒီပလိုမာ) အာဇာနည် စန်းစန်းဆပ်ကပ်အဖွဲ့ကြီး၏ ဖျော်ဖြေတင်ဆက်မှု အစီအစဉ် (အပိုင်း-၁)
	၂၁။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

ရခိုင်ပြည်နယ်လေပြင်းဒဏ်သင့်ကယ်ဆယ်ရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံကြက်ခြေနီအသင်း အလှူငွေအမေရိကန်ဒေါ်လာ ၂၀၀၀၀ လှူဒါန်း

ရန်ကုန် ဇွန် ၉

ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်ကယ်ဆယ်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်းမှ မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အလှူငွေပေးအပ်ပွဲကို ယနေ့ညနေ၃နာရီတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr. Yu Borenက အလှူငွေ အမေရိကန်ဒေါ်လာ ၂၀၀၀၀ကိုလှူဒါန်းပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းခေတ္တဥက္ကဋ္ဌ ဒေါက်တာထွန်းစိန်ကလက်ခံ၍ ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယူရို ၂၀၀၄ ပွဲကြိုတင်ဆက်မှု

ပြိုင်ပွဲအကြိုခြေစမ်းပွဲရလဒ်များကို သုံးသပ်ဆင်ခြင် မှန်းချက်နှင့်နှမ်းထွက်မကိုက်သည့်ပွဲစဉ်များရှိလာနိုင်

ကိုထွေး–စုစည်းတင်ပြသည်

ရန်ကုန် ဇွန် ၉

၂၀၀၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ (EURO-2004) ကို ဇွန်၁၂ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်အသင်းများ ပေါ်တူဂီနိုင်ငံသို့ ထွက်ခွာလျက်ရှိကြသည်။ အုပ်စု(က)မှ ပေါ်တူဂီ၊စပိန်၊ ရုရှားနှင့် ဂရိတို့ပြိုင်ပွဲဝင်ရန် နှစ်ရက်သာလိုတော့သည်ဖြစ်ရာ အသင့်အနေအထား၌ ရှိနေကြသည်။ အုပ်စု(က) အဖွင့်ပွဲစဉ်များအဖြစ် ဇွန်၁၂ရက် မြန်မာစံတော်ချိန် ည၁၀နာရီခွဲ၌ အိမ်ရှင်ပေါ်တူဂီနှင့်ဂရိတို့သည် လည်းကောင်း၊ ဇွန်၁၃ရက် မြန်မာစံတော်ချိန် နံနက်၁နာရီ၁၅မိနစ်၌ စပိန်နှင့်ရုရှားတို့သည် လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဘောလုံးအားကစားနည်းကို တစ်ကမ္ဘာလုံးက စိတ်ဝင်စားအားပေးသည့် အချက်များအနက် အနိုင်အရှုံးကို ကြိုတင်ခန့်မှန်းရန်ခက်ခဲပြီး မထင်မှတ်သည့်ရလဒ်များ ပေါ်ထွက်လေ့ရှိခြင်းသည်လည်း တစ်ချက်အပါအဝင်ဖြစ်သည်။ ဖိုလ်စွဲနိုင်သည်ဟု ရေပန်းစားသော နာမည်ကြီးအသင်းများက အစဉ်အလာမရှိသော အသင်းများကို ရှုံးနိမ့်သည့်ဖြစ်ရပ်များ နိုင်ငံတကာဘောလုံးပြိုင်ပွဲများ၌ မကြာခဏဆိုသလို ကြုံရလေ့ရှိသည်။

ပြီးခဲ့သည့်၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်တွင် လက်ရှိချန်ပီယံ ပြင်သစ်အသင်းသည်ဖိုလ်စွဲနိုင်သည်ဟု ရေပန်းစားသော အသင်းများထဲတွင် ပါဝင်သော်လည်း အုပ်စုပွဲစဉ်များ၌ နိုင်ပွဲမရှိ၊ သွင်းဂိုးမရှိဘဲ စောစောစီးစီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။

ယခုကျင်းပမည့် ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲတွင်လည်း ဘောလုံးဝါသနာရှင်အများစု ခန့်မှန်းယူဆထားသလို ဖြစ်မလာဘဲ မှန်းချက်နှင့် နှမ်းထွက်မကိုက်သည့်ပွဲစဉ်များ ရှိလာနိုင်ပေသည်။

ခြေစမ်းပွဲရလဒ်

ပွဲမဝင်မီ အပြင်ကကျင်းပ ဆိုသကဲ့သို့ အိမ်ရှင်ပေါ်တူဂီနှင့် ခြေစစ်ပွဲအောင် အသင်း၁၅သင်းတို့သည် ယူရို ၂၀၀၄ဘောလုံးပြိုင်ပွဲကြီး ကျင်းပရန် ရက်သတ္တ နှစ်ပတ်ခန့် အလိုတွင် ချစ်ကြည်ရေးခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပြိုင်ပွဲကျင်းပရန်နီးကပ်လာသည့်အချိန်ဖြစ်ရာ မိမိတို့နှင့် တစ်အုပ်စုတည်းကျသော အသင်းများနှင့် ခြေစမ်းခြင်းမပြုဘဲ မိမိတို့နှင့် ခြေစွမ်းမတိမ်းမယိမ်းရှိသော အသင်းများ၊ အသင်းငယ်လေးများနှင့်သာ ခြေစမ်းခဲ့ကြသည်။ ခြေစမ်းပွဲများတွင် ကစားသမားများကို အပြောင်းအလဲများ ပြုလုပ်ကာ လူနှင့်နေရာစမ်းသပ်ပုံဖော်ခဲ့ပြီး အပြီးသတ် လူစာရင်းများကို အတည်ပြု ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ခြေစမ်းပွဲရလဒ်များသည် ပြိုင်ပွဲတွင် ဖြစ်ပေါ်လာမည့်ရလဒ်များနှင့် တိုက်ရိုက်အားဖြင့် မသက်ဆိုင်သော်လည်း အတိုင်းအတာတစ်ရပ် အထိ အကျိုးသက်ရောက်မှု ရှိနိုင်ပေသည်။ ခြေစမ်းပွဲမှ ရလဒ်များအပေါ် သင်ခန်းစာယူပြီး အချိန်မီ ပြင်ဆင်နိုင်ကြမှသာ မိမိမျှော်လင့်ထားသကဲ့သို့ အောင်မြင်မှုကို ရရှိနိုင်ပေလိမ့်မည်။ သို့ဖြစ်ရာ ပြိုင်ပွဲဝင်အသင်း၁၆သင်း၏ ပြိုင်ပွဲအကြိုခြေစမ်းပွဲများအပေါ်သုံးသပ်ဆင်ခြင်ကြည့်ကြရမည် ဖြစ်သည်။ သို့ရာတွင် ခြေစစ်ပွဲဝင်ရောက်စဉ်ကာလနှင့် ခြေစစ်ပွဲအောင်မြင်ပြီးနောက်ပိုင်းတွင် ကစားခဲ့သော ခြေစမ်းပွဲများ မပါဝင်ဘဲ မေ၂၈ရက်မှ ဇွန် ၆ ရက်အတွင်း ပြိုင်ပွဲနီးကပ်မှ ကစားခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲများကိုသာ သုံးသပ်တင်ပြမည်ဖြစ်ပေသည်။

အုပ်စု(က)

အုပ်စု(က)၌ ပါဝင်သောအသင်းများ ခြေစမ်းပွဲငါးပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ ဂရိကနှစ်ပွဲ ၊ ပေါ်တူဂီကနှစ်ပွဲနှင့် စပိန်ကတစ်ပွဲ ဖြစ်သည်။ အိမ်ရှင်ပေါ်တူဂီ အသင်းသည် မေ၂၉ရက်က အိမ်ရှင်ပရိသတ်ရှေ့မှောက်၌ လူဇင်ဘတ်အသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရာ သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲတွင် လူးဝစ္စဖီဂို၊ နူနိုဂိုမက်စ်နှင့် ရူအီကော်စတာတို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။ ဇွန်၅ရက်တွင် ပေါ်တူဂီမြေ၌ပင် လစ်သူယေးနီးယားနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပေါ်တူဂီက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲတွင် ပေါ်တူဂီအသင်းအတွက် ဖာနန်ဒိုကော့တို၊ပေါ်လက်တာ၊နူနိုဂိုမက်စ်နှင့် ပိုစတီဂါတို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။ ပေါ်တူဂီအသင်းသည် နှစ်ပွဲကစား၊ နှစ်ပွဲနိုင်၊ ခုနစ်ဂိုးသွင်းကာ တစ်ဂိုးသာအသွင်းခံခဲ့ရသည်။ လူဇင်ဘတ်နှင့်လစ်သူယေးနီးယားတို့မှာအစဉ်အလာမရှိကြသော်လည်း ပေါ်တူဂီအသင်းခြေစွမ်းပြကစားပြီး ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့သဖြင့် ရလဒ်ကောင်းသည်ဟုဆိုနိုင်သည်။

ဂရိအသင်း

ဂရိအသင်းသည် ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးခဲ့သည်။ နှစ်ပွဲစလုံးကို အဝေးကွင်း၌ ကစားခဲ့ခြင်းဖြစ်ပြီး ခြေစစ်ပွဲမအောင်သော ပိုလန်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်ရှုံးကာ လက်ချင်စတိန်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ပိုလန်အသင်းကို ရှုံးသောပွဲတွင် ဂရိအသင်းမှ မီဟာလစ်ကပ်ပဆစ်က ကိုယ့်ဂိုးကိုယ်သွင်းမိရာမှ ဂိုးပေးလိုက်ရခြင်း ဖြစ်သည်။ ဇွန်၃ရက်က ယှဉ်ပြိုင်ကစားသော ချစ်ကြည်ရေး ခြေစမ်းပွဲတွင် ဂရိက လက်ချင်စတိန်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဂရိအသင်းအတွက်ပထမဂိုးကို ဗရီဇတ်စ်က သွင်းယူပြီး ဒုတိယဂိုးကို အန်ဂျလိုခရစ္စတီးက သွင်းယူပေးခဲ့သည်။ ဂရိအသင်းခြေစွမ်းမှာ သာမန်မျှသာရှိ၍ ပေါ်တူဂီနှင့်စပိန်ကို ကျော်ဖြတ်ရန် မလွယ်ကူလှပေ။

စပိန်အသင်း

စပိန်အသင်းသည် ဇွန်၅ရက်က အဝေးကွင်း၌ အင်ဒိုရာအသင်းနှင့် ခြေစမ်းခဲ့ရာ လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ စပိန်အသင်းအတွက် ဖာနန်ဒိုမိုရီယင်တေး၊ ရာဘင်ဘရာ ဟာ၊ ဗယ်လာရွန်နှင့် မာတင်ဆီဆာ တို့က တစ်ဂိုးစီ သွင်းယူပေးသည်။ အသင်းငယ်လေးအင်ဒိုရာကို စပိန်အသင်းက သက်သောင့်သက်သာ အနိုင်ယူခဲ့ခြင်းဖြစ်သည်။ စပိန် ပြည်တွင်းပြိုင်ပွဲဖြစ်သည့် လာလီဂါသည် ဘောလုံးအဆင့်အတန်းမြင့်ပြီး စပိန်ဘောလုံးသမားများ ကမ္ဘာ့ထိပ်တန်းအဆင့်မီကြသော်လည်း စပိန် လက်ရွေးစင်အသင်း၏ အောင်မြင်မှုမှာ အားရဖွယ်ရာ မရှိသေးပေ။ ၁၉၆၄ခုနှစ် ဥရောပဖလားပွဲကို စပိန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့စဉ်ကသာ စပိန်အသင်း ဖိုလ်စွဲနိုင်ခဲ့သည်။ မေ၂၈ရက်မှ ဇွန်၆ရက်အတွင်း အုပ်စု(က)မှ ရုရှားအသင်း ချစ်ကြည်ရေးခြေစမ်းပွဲများ ကစားသည်ကို မတွေ့ခဲ့ရပေ။

ဆက်လက်တင်ပြမည်

အုပ်စု(ခ)၊အုပ်စု(ဂ)နှင့် အုပ်စု(ဃ)တို့မှ အသင်းများ၏ ယူရို ၂၀၀၄ ပြိုင်ပွဲ အကြို အနီးကပ်ချစ်ကြည်ရေး ခြေစမ်းပွဲများအပေါ် သုံးသပ်ချက်ကို ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)



တိုက်စစ်မှူး

ယူရို၂၀၀၄ပြိုင်ပွဲတွင် ခြေစွမ်း ပြနိုင်သည်ဟု သတင်းပြေးလျက်ရှိသော ခရိုအေးရှားအသင်းမှ နာမည်ကျော် တိုက်စစ်မှူး ဒါတိုပါဆို(ရိန်းဂျားစ်) အား တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အလားအလာကောင်းနေရာများ၌တွင်းသစ်များရှာဖွေတူးဖော် စက်ရုံချောမွေ့စွာလည်ပတ်နိုင်ရေးလိုအပ်ချက်များဖြည့်ဆည်း

ရန်ကုန် ဇွန် ၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် မကွေးတိုင်း မြိုင်မြို့နယ်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ကျောက်ခွက်/လက်ပံတို ရေနံနှင့်သဘာဝဓာတ်ငွေ့မြေကို သွားရောက်စစ်ဆေးသည်။

ဝန်ကြီးကတွင်းဟောင်းပြုပြင်ခြင်း၊ တွင်းသစ်များတူးဖော်ခြင်းတို့ကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး၊ လက်ပံတို ရေနံမြေ၏ မြောက်ဘက်ရှိ ပိုမိုအလားအလာကောင်းသောနေရာများ၌ တွင်းသစ်များ ဆက်လက်ရှာဖွေတူးဖော်သွားနိုင်ရေးတို့ကို မှာကြားပြီး တွင်းတူးစက်နှင့် တွင်းပြင်စက်နေရာချထားမှု အစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးသည် မကွေးတိုင်း ပေါက်မြို့နယ်ရှိ သာကြီးတောင် ရေနံမြေသို့ရောက်ရှိပြီး ရေနံမြေ ရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာ ဦးအုန်းမြင့်နှင့် တာဝန်ရှိသူတို့က တွင်းသစ်များတူးဖော်နေမှု အခြေအနေ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက သာကြီးတောင်ဒေသ၌ အနက်ပေ ၁၀၀၀၀ ကျော် တွင်ရှိသည့် ပေနက်အလားအလာအသစ်များကိုပါ ဆက်လက်ရှာဖွေတူးဖော်ထုတ်လုပ် သွားနိုင်ရေး၊ ပိုမိုတိကျသည့် ရေနံရှာဖွေရေးဆိုက်စမစ် အချက်အလက်များ တိုင်းတာသွားနိုင်ရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့ကို မှာကြားပြီး လက်ရှိ တူးဖော်လျက်ရှိသော တွင်းသစ် အမှတ်(၃၅)သို့ သွားရောက်စစ်ဆေးသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ဝန်ကြီးသည် ပေါက်မြို့နယ်ရှိ စပယ်ရေနံမြေကို ဝင်ရောက်စစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် ပခုက္ကူ မြို့နယ်ရှိ ကျွန်းချောင်းဓာတ်ငွေ့ရည် စက်ရုံစတင်လည်ပတ်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ရှေ့လုပ်ငန်းစဉ်

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း ကျွန်းချောင်း ဓာတ်မြေဩဇာစက်ရုံသို့ ရောက်ရှိပြီးလျာထား ချက်ပြည့်မီအောင်ထုတ်လုပ်နိုင်ရေး၊ စက်ရုံချောမွေ့စွာ လည်ပတ်နိုင်ရေး တို့အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းညှိနှိုင်းပေးပြီး ဓာတ်မြေဩဇာ အထွက်တိုးရေး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မလေးရှားအမျိုးသားမြင်းစီးအားကစားပွဲတော် မြန်မာအဖွဲ့ ရွှေသုံး၊ ငွေနှစ်၊ ကြေးနှစ်ဆုဆွတ်ခူး

ရန်ကုန် ဇွန် ၉

ဇွန်၃ရက်မှ၆ရက်အထိမလေးရှားနိုင်ငံ ပီနန်ကျွန်း၌ ကျင်းပခဲ့သည့် မလေးရှား အမျိုးသား မြင်းစီးအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်သုံးဆု၊ ငွေတံဆိပ်နှစ်ဆု၊ ကြေးတံဆိပ်နှစ်ဆုနှင့် အထူးဂုဏ်ပြုဆု တစ်ဆု ရရှိခဲ့သည့် နည်းပြချုပ် ဦးငြိမ်းကျော်ခေါင်းဆောင်သော မြန်မာမြင်းစီး အားကစားအဖွဲ့သည် ယမန်နေ့ည ၈နာရီ၁၅မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။

မြန်မာ မြင်းစီးအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူနှင့်နည်းပြသုံးဦး၊ အားကစားသမား အမျိုးသား တစ်ဦးနှင့် အမျိုးသမီး ခြောက်ဦးစုစုပေါင်း၁၀ဦးပါဝင်ခဲ့ရာ Dressage I အလှစီးပြိုင်ပွဲတွင် အေးသက်တာက ရွှေတံဆိပ်တစ်ဆု၊ တန်းခုန် အလွတ်တန်းပြိုင်ပွဲတွင် အိသက်မွန်ကရွှေတံဆိပ်တစ်ဆု၊ Dressage II အလှစီးပြိုင်ပွဲတွင် အိသက်မွန်က ရွှေတံဆိပ်တစ်ဆု၊ Show-Jumping တန်းခုန်ပြိုင်ပွဲတွင် အောင်သူထွန်းက ငွေတံဆိပ်တစ်ဆု၊ တန်းခုန်အလွတ်တန်းပြိုင်ပွဲတွင် အိသက်မွန်က ငွေတံဆိပ်တစ်ဆု၊ Dressage I အလှစီးပြိုင်ပွဲတွင် စုစုပုလဲက ကြေးတံဆိပ်တစ်ဆု၊ Show-Jumping တန်းခုန်ပြိုင်ပွဲတွင် အိသက်မွန်က ကြေးတံဆိပ်တစ်ဆုနှင့် Dressage အလှစီးအထူးဂုဏ်ပြုဆုအဖြစ် ယမုံဦးက ရရှိခဲ့ပြီး ပြိုင်ပွဲတွင် ထိုင်း၊ စင်ကာပူ၊ မြန်မာနှင့် အိမ်ရှင်မလေးရှား စုစုပေါင်းလေးနိုင်ငံမှ ပြိုင်ပွဲဝင်အသင်း၂၉သင်း ယှဉ်ပြိုင်ခဲ့ကြသည်။ **(မြန်မာ့အလင်း)**

မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်

ရန်ကုန် ဇွန် ၉

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်များအရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာအနှံ့အပြားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းတွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကိုကိုးကျွန်းတွင် ၄ ဒသမ ၀၉ လက်မ၊ ခရမ်းမြို့တွင် ၃ ဒသမ ၇၀ လက်မနှင့် မိတ္ထီလာမြို့တွင် ၂ ဒသမ ၁၃ လက်မတို့ဖြစ်ကြောင်းသိရသည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အသင့်အတင့်ရှိသည်။ ဇွန် ၁၀ရက်ညနေအထိ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့်တနင်္သာရီတိုင်းတို့တွင်နေရာအနှံ့အပြား၊ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

အမေရိကန်သမ္မတဟောင်း ကွယ်လွန်ခြင်းအတွက် နိုင်ငံခြားရေး ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် ဇွန် ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းသည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အမှတ်(၅၈၁) ကုန်သည်လမ်း ကျောက်တံတားမြို့နယ်ရှိ အမေရိကန်သံရုံးသို့သွားရောက်၍ ကွယ်လွန်သူ အမေရိကန်သမ္မတဟောင်းမစ္စတာရော်နယ်ရေဂင်အတွက် ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်း အထိမ်းအမှတ် စာအုပ်တွင် လက်မှတ်ရေးထိုးသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

စတုဘုမ္မိကတရားပွဲ

ရန်ကုန် ဇွန် ၉

ဘဝနတ်ထံ ပျံလွန်တော်မူသွားသော နိုင်ငံတော်ဩဝါဒါစရိယ စတုဘုမ္မိက နိကာယ ဂဏာဓိပတိ ဘဒ္ဒန္တ ဝိစိတ္တ မဟာထေရ်မြတ်အား ရည်စူး၍ သဃ်န်းကျွန်း ဇ/မြောက်ရပ်ကွက် ပြည်သာယာလမ်း စတုဘုမ္မိကမဂ္ဂင်ရိပ်သာ၌ ဇွန်၁၀ရက်တွင် (၄)နှစ်မြောက် ပူဇော်ပွဲကျင်းပမည်ဖြစ်ရာ ယင်းနေ့နံနက်၈နာရီခွဲတွင် ဘဒ္ဒန္တ ဣန္ဒကာဇီဝ(နိုင်ငံတော်ဩဝါဒါစရိယ၊ စတုဘုမ္မိကနိကာယ ဂဏာဓိပတိ သန်လျင်)က ဆယ်ပါးသီလချီးမြှင့်ပြီး မွန်းလွဲ ၁ နာရီခွဲတွင် ပဲခူးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဓမ္မကထိက ဗဟုဇနဟိတရေ သံတွဲဆရာတော် ဘဒ္ဒန္တသုန္ဒရက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီစည်းဝေး

ရန်ကုန် ဇွန် ၉

၂၀၀၄ခုနှစ် ဇူလိုင်၁၁ရက်တွင် ကျရောက်မည့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရေးအတွက် ကမ္ဘာ့လူဦးရေနေ့ကျင်းပရေးကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ၁နာရီတွင် ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပရေး ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်သူ့အင်အားဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်ဦးမျိုးမင်းက အမှာစကားပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကို ဇွန်၁၂ရက်တွင်လည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲကို ဇွန်၁၃ ရက်တွင် လည်းကောင်း အလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၉

ဦးသန်းစိန်(၃၇၈၀)စန္ဒာပုလဲမိတ်ကပ်(စန္ဒာအပြည်ပြည်ဆိုင်ရာ အလှကုန်ထုတ်လုပ်မှုလုပ်ငန်း)သည် ကစားဖော်များဖြစ်ကြသော ဦးခွန်ထွန်းဝေ(တောင်ကြီး)၊ ဦးခွန်ဖိုးသား(ရွှေသီးနံ့ရောင်းဝယ်ရေး ဘုရင့်နောင်ပွဲရုံ)၊ ဦးတင်အောင်(ကုန်သည်)တို့နှင့်အတူ ဇွန်၈ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်စဉ် OO EV Distance ဘောလုံးကို Globalist Mizuno Iron 4 ဖြင့် ရိုက်လိုက်ရာ၁၉၇ ကိုက်ရှိ အမှတ်(၁၂) ကျင်း၌ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့လုံးကျွတ်သံဃာ့ဒါန စုပေါင်းဆွမ်းလောင်းလှူ

ရန်ကုန် ဇွန် ၉

မိတ္ထီလာမြို့ မြောက်ကန်တော်ကြီးအတွင်းမှ နုန်းများပြန်လည်ဆယ်ယူ တူးဖော်ခြင်းလုပ်ငန်း ၃၉ရက်မြောက်နေ့အထိဆောင်ရွက်ခဲ့ရာ ၁၀ ပေပတ်လည် ၁ပေအနက် တာ ကျင်းပေါင်း ၁၇၄၅၅ကျင်း တူးဖော်နိုင်ခဲ့ပြီးရေဂါလန်သိန်းပေါင်း ၁၀၈၀၉၀၅၀ အထိ သိုလှောင်နိုင်ခဲ့ခြင်း အထိမ်းအမှတ်အောင်ပွဲအဖြစ် အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် မိသားစုနှင့် မြို့လူထု၏ မြို့လုံးကျွတ် သံဃာ့ဒါန စုပေါင်းဆွမ်းလောင်းလှူ ပွဲကြီးကို မိတ္ထီလာ-မြင်းခြံကား လမ်းဘေး လမ်းပခုံးအကျယ် ၁၂ပေ အထိ တူးဖို့ခဲ့သည့် မထောင်းတာ ကန်ပေါင်ရိုး ယာယီမင်္ဂလာမဏ္ဍပ်တွင် ဇွန်၅ရက် နံနက် ၅နာရီက ရန်အောင် မြင် ဝါတွင်းစနေ၊ ဝါပနေ့စဉ် ဆွမ်းလောင်းအသင်းကြီးနှင့်အတူ ဆွမ်းလောင်းပွဲ ကျင်းပခဲ့ရာ မြို့ပေါ်ရှိကျောင်းတိုက် အသီးသီးမှ သံဃာတော် အပါး ၁၀၀၀ ကျော်တို့အားစုပေါင်း၍ ဆွမ်းလောင်း လှူဒါန်းကြသည်။

ဆွမ်းဆက်ကပ်

စုပေါင်း ဆွမ်းလောင်းလှူပွဲ ယာယီမင်္ဂလာမဏ္ဍပ်၌ ပင့်သံဃာတော် ၂၀ ပါးတို့က ပရိတ်တရားတော်များ ရွတ်ပွား သရဇ္ဈာယ်ကြသည်။ ထို့နောက် ပင့်သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

ခုနစ်ရက်သတင်းဂျာနယ် အတွဲ(၃)၊ အမှတ်(၁၂)ဖြန့်ချိ

ရန်ကုန် ဇွန် ၉

နိုင်ငံတကာ မှန်ဘီလူးကုမ္ပဏီကြီး၏ မြန်မာနိုင်ငံစက်ရုံ ထုတ်လုပ်မှုများ စတင်တော့မည် နည်းပညာနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းလာ၊ သုတေသနနှင့် စာတမ်းပြုစုလိုသူများအတွက် သတင်းအရင်းအမြစ်ဌာနဖွင့်၊ အိန္ဒိယ-အာဆီယံကားပြိုင်ပွဲ မြန်မာနိုင်ငံ ဖြတ်သန်းမည့် အချိန်နှင့် လမ်းကြောင်းများ အတည်ပြုလိုက်ပြီ၊ ကျီးမည်းများကြား ထူးထူးခြားခြား ကျီးဖြူလေးမွေးဖွားစသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အီရတ်ကြားဖြတ်အစိုးရ၏ ပုံရိပ်ဇာတ်ခုံပေါ်ရောက်လာပြီ၊ ဂျော်ဒန်လင်ယောကျ်ားက ဖုန်းပြောလွန်းသူဇနီးကိုသုံးကြိမ်ကွာရှင်း၊ အလွယ်သယ်ပလေးစတေရှင်ကို ဖောက်သည်များဘဝင်တွေ့၊ ဦးနှောက်အာရုံ ချို့ယွင်းရောဂါအတွက် ကုထုံး ပေါ်လာရန်ရှိ၊ အဖော်ပြု မျောက်များအတွက် မျောက်ကောလိပ်ဖွင့်နိုင်ပြီစသည့် နိုင်ငံတကာရေးရာ သတင်းဆောင်းပါးများ၊ စီးပွားရေး၊ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း-၇၀၃၈၀၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချထားသည်။ **(က-ပ)**

မွေးနေ့ဆုတောင်း

အေးသီတာထွန်း ၁၀-၆-၂၀၀၄ ရက်တွင် ကျရောက်သော အသက်(၂၀) ပြည့်နှစ်မှ နောင်နှစ်ပေါင်းတစ်ရာတိုင် ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ။

ဖေယျ။

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနတွင် အသုံးပြုရန် လိုအပ်သောပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဝယ်ယူလိုပါသည်-

(က) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

(၁)	Radio Studio Digitalization		(1) Lot
(၂)	1.KW TV TX		(1) Set

(ခ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန e-Government ထူထောင်ရန်လိုအပ်သော Computerစက်ပစ္စည်းများ

(1)	Web Authorring & Publishing PC c/w Software		(2.) Nos
(2)	A_4 Scanner		(1) No
(3)	A_4 Laser Printer		(1) No
(4)	Networking Equipment. (Network Switch, Work Cable, Connectors & Accessories)		(1) No
(5)	Un-Interruptible Power Supply(2 KVA)		(2) Nos
(6)	Virus Protection Software		(1) No

(ဂ) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၁)	ကြွေစက္ကူ(အပါး)		၅ တန်
(၂)	ကြွေစက္ကူ(အထူ)		၅ တန်
(၃)	ကရမ်းကုတ်ကတ်		၅ တန်
(၄)	Agfa Film(22"x 32")	(အနည်းဆုံး)	၂၀ ထုပ်
(၅)	Rubber Blanket		၁၀၀ ချပ်
(၆)	Damping Roller Hose		၆၀ လိပ်
(၇)	Riso Master Roll		၁၀၀ လိပ်
(၈)	Riso Ink		၁၀၀ ခု
(၉)	Stitching Wire		၂၀၀၀ ကွိုင်
(၁၀)	Binding Cloth		၁၀၀၀ မီတာ

(ဃ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(1)	Fixer(Ortho Film)	၈၀ ထုပ်
(2)	Fixer(Agfa Film)	၉၀ ဘူး
(3)	Agfa Developer	၃၀ ပုလင်း
(4)	Roll Film	၂၂၅၀ လိပ်
(5)	Toner 1215	160 Boxes
(6)	Gum Arabic	1000 Kgs
(7)	Cello Tape(Red)	1000 Rolls
(8)	Cello Tape(White)	1500 Rolls
(9)	Copier Toner(7118)	80 Boxes
(10)	Rubber Blanket T-Bar	128 Shts
(11)	Rubber Blanket (Roll)	1040 Inches
(12)	Gestetner Ink Tube	440 Nos

၂။ တင်ဒါပေးသွင်းမှုကို ၁၈-၆-၂၀၀၄ ရက် ၁၆း၃၀ နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း၊ ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ။
ပြန်ကြားရေးဝန်ကြီးဌာန၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအစီအစဉ်ဖြင့် နယ်စပ်ဒေသများတွင် တပ်ဆင်အသုံးပြုရန်အတွက် လိုအပ်သော ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ပစ္စည်းများ ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ဒေသများတွင် တပ်ဆင်အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက် စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) 10 W TV TRAMSMITTER COMPRISING
(ခ) 50 W TV TRAMSMITTER COMPRISING
(ဂ) 100 W TV TRAMSMITTER COMPRISING
(ဃ) 10 W TV TRAMSMITTER WITHOUT TOWER

၂။ တင်ဒါပေးသွင်းမှုကို ၁၄-၆-၂၀၀၄ ရက်မှ ၂၅-၆-၂၀၀၄ ရက် ညနေ ၄း၃၀နာရီအတွင်း ပေးသွင်းရန်နှင့် တင်ဒါပုံစံနှင့် လိုအပ်သောအချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် လာရောက် ဝယ်ယူနိုင်ပါသည်။

ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်များဝယ်ယူရေးကော်မတီ
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးများရုံး၊
သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၀၈၉၈။

SUCCESS LANGUAGE ACADEMY

SPOKEN ENGLISH CLASSES		
	1:00 - 2:30 p.m.	14.6.04 Mon to Thur
	3:00 - 4:30 p.m.	14.6.04 Mon to Thur
	6:00 - 7:30 p.m.	22.6.04 Tue to Fri
	7:30 - 9:00 a.m.	28.6.04 Mon to Thur

ဖုန်း 202046

ဝန်ထမ်းအလိုရှိသည်။

B.Com/LCCI (Level III)

ဝန်ထမ်းအလိုရှိသည်

1. Sales Manager

Sales & Marketing

2. Sales Representative

FAME

DYSENZI ®

ဝမ်းကိုက်ပျောက်ဆေး

မြစ်ကြီးနားမြို့ ရှောင်ကွင်းလမ်းသည် ပြည်ထောင်စုလမ်းမကြီး၏ အစိတ်အပိုင်းဖြစ် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်

ရန်ကုန် ဇွန် ၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၄ ရက် နံနက် ၉ နာရီက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တနင်္သာရီတိုင်းမြိတ်မြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်၊ဒုတိယတိုင်းမှူးဗိုလ်မှူးကြီးဟုန်းငိုင်း၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြိတ်လေဆိပ်မှကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့် လိုက်ပါလျက် မြိတ်မြို့ရှောင်ကွင်းလမ်းဖြစ်သည့် မြိတ်–ကျွဲကူး–ကျောက်ဖျာ–သပွတ်–ပင်းအို–ဒေါ–ပပြင်–ဘုတ်ခြံလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ပုလော–မဇောပြင်ကြီး–သမုတ်လမ်းဆုံသို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိကြသည်။

မှာကြား

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ်(လမ်း)ဦးကျော်တင့်၊ တနင်္သာရီတိုင်း အင်ဂျင်နီယာမှူးကြီး ဦးဘဝမ်းနှင့် မြိတ်မြို့ရှောင်ကွင်းလမ်းဖောက်လုပ်ရေးတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ကျော်တို့က မြိတ်မြို့ရှောင်ကွင်းလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မြိတ်မြို့ရှောင်ကွင်းလမ်းကို ပေ ၃၀ အကျယ်၊ မြေသားလမ်းနှင့် ယင်းလမ်းပေါ်၌ ၁၄ ပေ အကျယ် ကျောက်ချောလမ်းအချိန်မီပြီးစီးရေး မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့ရှောင်ကွင်းလမ်းအတိုင်း မြိတ်မြို့သို့ပြန်လည်ထွက်ခွာလာရာ မိုင်တိုင်အမှတ် ၀/၇၌ မြေသားလမ်းတွင် ကျောက်ခင်းရန်အတွက် ယန္တရားဖြင့်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပပြင်တံတားတည်ဆောက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် ၆/၄နှင့် ၆/၃ အကြားတွင်လမ်းအကွေ့၌ လမ်းသားတိုးချဲ့ဖောက်လုပ်ရေးအတွက် စက်ယန္တရားဖြင့် တောင်ကမ်းပါးယံတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ကျော်က လုပ်ငန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ကျောက်ချောလမ်းဖောက်လုပ်ရေးနှင့်လမ်းဘေးရေမြောင်းများ တူးဖော်ရေးတို့ကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မိုင်တိုင်အမှတ် ၁၁/၀ နှင့် ၁၁/၁ အကြားရှိ အလယ်ချောင်းတံတားပြောင်းရွှေ့တည်ဆောက်ရေးအတွက် တံတားတိုင်များ ပိုင်တိုင်ရိုက်သွင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် မြိတ်မြို့ရှောင်ကွင်းလမ်း ဖောက်လုပ်ရေးစီမံကိန်းရုံးသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ကျော်က မြိတ်မြို့ရှောင်ကွင်းလမ်းဖောက်လုပ်ပြီးစီးမှု၊လမ်းခင်းရန်ကျောက်များလိုအပ်မှုနှင့်ကျောက်တူးဖော်ရရှိနိုင်သည့် အခြေအနေ၊ ရေပြွန်နှင့်တံတားများ ပြုပြင်ပြီးစီးမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ်(လမ်း) ဦးကျော်တင့်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်းက မြိတ်မြို့ ရှောင်ကွင်းလမ်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် စက်ယန္တရားနှင့် စက်သုံးဆီများ ဖြည့်တင်းပေးမည့် အစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မြိတ်မြို့ ရှောင်ကွင်းလမ်း နှင့် တနင်္သာရီ–ဘုတ်ပြင်းလမ်းတို့ကို ယခုနှစ် ဒီဇင်ဘာလ တတိယပတ်တွင် ကျောက်ချောလမ်းအဖြစ် ပြီးစီးရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန်၊ မြိတ်မြို့ ရှောင်ကွင်းလမ်း၌ ယခုလကုန်မှစ၍ မော်တော်ယာဉ်များ ပြေးဆွဲရေးအတွက် ဆောင်ရွက်ရန်၊ မြိတ်မြို့ရှောင်ကွင်းလမ်းသည် ပြည်ထောင်စုလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ရန်၊ လမ်းပြီးစီးမှုကိုသတ်မှတ်ပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်မြို့ ပပြင်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထားသည့် ကာလအလိုက် အစီရင်ခံတင်ပြရန်နှင့် တာဝန်ရှိသူများကလည်း စဉ်ဆက်မပြတ် အနီးကပ် ကြီးကြပ်စစ်ဆေးရန် မှာကြားသည်။

ပြီးစီးနေ

မြိတ်မြို့ရှောင်ကွင်းလမ်း စီမံကိန်းတွင် ဘုတ်–ပပြင်–ဒေါလမ်းအပိုင်း ၁၃ မိုင်၊ ၄ ဖာလုံနှင့် ဒေါ–ပင်းအို–ကဘင်းလမ်းအပိုင်း ၁၁ မိုင်၊ ၄ ဖာလုံကို ပေ ၃၀ အကျယ် မြေသားလမ်း ချဲ့ခြင်းလုပ်ငန်းမှာ လုံးဝပြီးစီးလျက်ရှိပြီး ဒေါ–မဇောပြင်ကြီးလမ်းအပိုင်း ၂၅ မိုင်၊ ၄ ဖာလုံ၌ ပေ ၃၀ အကျယ် မြေသားလမ်း ချဲ့ခြင်းမှာ ၈ မိုင်၊ ၁ ဖာလုံ ပြီးစီးနေပြီဖြစ်သည်။

ဘုတ်–ပပြင်–ဒေါလမ်းအပိုင်း ၁၃ မိုင်၊ ၄ ဖာလုံ၌ ချောင်းကျောက်စရစ်ခင်းခြင်း ၁၀ မိုင်၊ ၆ ဖာလုံနှင့် ၂ လက်မ X ၄ လက်မ ကျောက်ခင်းခြင်း ၂ မိုင်၊ ၆ ဖာလုံ ပြီးစီးနေပြီဖြစ်သည်။ ဒေါ–ပင်းအို–ကဘင်းလမ်း အပိုင်း ၁၁ မိုင်၊ ၄ ဖာလုံ၌ ချောင်းကျောက်စရစ် ခင်းခြင်း ၂ မိုင်၊ ၆ ဖာလုံနှင့် ၂ လက်မ X၄ လက်မ ကျောက်ခင်းခြင်း ၈ မိုင်၊ ၆ ဖာလုံ ပြီးစီးနေပြီဖြစ်သည်။ ဒေါ–မဇောပြင်ကြီး လမ်းအပိုင်း ၂၅ မိုင်၊ ၄ ဖာလုံ၌ ချောင်းကျောက်စရစ်ခင်းခြင်း ၁ မိုင်၊ ၄ ဖာလုံပြီးစီးနေပြီ ဖြစ်သည်။ **(သတင်းစဉ်)**

မေ ၃၀ရက်က နည်းပညာတက္ကသိုလ်မှ ဆရာဆရာမများ၊ မချယ်ရီမျိုးလွင်နှင့် သူငယ်ချင်းများ၊ 'ဝင်းတား'ကွန်ပျူတာမှ မိခင်ကြီးကို အမှူးထား၍ ဒေါ်မြင့်မြင့်ဦး၊ ဒေါ်ရွှေရွှေမြင့်၊ ဦးမြင့်စိုး–ဒေါ်ရီရီမြင့် မိသားစုတို့က သာကေတမြို့ မှန်ကင်းပရိယတ္တိစာသင်တိုက်နှင့် အမှတ်(၇)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(ပရဟိတ)အလယ်တန်းကျောင်းအတွက် ဆွမ်းဆန်ခုနစ်အိတ်လှူဒါန်းပြီး ကလေး ၁၇ဦးတို့အား သာသနာ့ဘောင် သွတ်သွင်းချီးမြှောက်ရာ မောင်ရင်လောင်းများ သက်န်းတောင်းနေကြစဉ်။

(က–ပ)

တိုင်းအဆင့် ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲကျင်းပ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်း ကြီးကြပ်ဆောင်ရွက်ပေး

ရန်ကုန် ဇွန် ၉

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ၂၀၀၄ ခုနှစ် တိုင်းအဆင့်ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲကို ဇွန် ၆ ရက် နံနက် ၉ နာရီက ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ရဲတပ်သားအဆင့်မှ ဒုတိယရဲမှူးအဆင့်အထိ တပ်ဖွဲ့ဝင် ၁၁၅ ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။

ဝင်ရောက်ဖြေဆို

အလားတူ စံပြရဲ ရေးဖြေစာမေးပွဲကို မွန်းလွဲ ၁ နာရီက ဆက်လက်ကျင်းပရာ ရဲတပ်သားအဆင့်မှ ရဲအုပ်အဆင့်အထိ တပ်ဖွဲ့ဝင် ၆၉ ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။

စာမေးပွဲကျင်းပရာသို့ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်း၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်နှင့် ဌာနခွဲမှူးများ၊ ခရိုင်ရဲမှူးများ၊ ဦးစီးအရာရှိများက ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ လှူဒါန်းသော ပဒေသာပင်အလှူရှင်များ ရေစက်ချမင်္ဂလာကျင်းပ

ရန်ကုန် ဇွန် ၉

ရန်ကုန်မြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပြည်တွင်းပြည်ပမှ လှူဒါန်းကြသော ပဒေသာပင် အလှူရှင်များ၏ (၂၃)ကြိမ်မြောက် ရေစက်ချမင်္ဂလာအခမ်းအနားနှင့် ဂုဏ်ပြုပွဲ အခမ်းအနားကို ဇွန် ၆ ရက် မွန်းလွဲ ၂ နာရီက ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ရှစ်ထပ် ဝေဇယန္တာဆောင်၌ ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစား သံအမတ်ကြီး)နှင့် အုပ်ချုပ်ရေးအဖွဲ့ ဝင်များ၊ ပဒေသာပင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက် ပဓာန နာယက တိပိဋကဓရ တိပိဋကဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယော) ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ ပရိတ်တရားတော်များကို နာယူကြသည်။

